# “စိတ်ဓါတ်ပြင်းပြသော အရွယ်ရောက်သူလူငယ်”

## THE STRONG - WILLED ADOLESCENT
## ( Jams Dobson )

ယခုအခါ ကျွန်ုပ်တို့သည် လူပျိုပေါက် အပျိုပေါက်ဖြစ်ကြတော့မည့် တံခါးဝသို့ရောက်ရှိနေကြပါပြီကော။ ထိုသို့ဘဝ၏တက်ကြွဖွယ်ကောင်းသော ကာလကိုဝတ်ခြံဖုကလေးများပေါက်ခြင်း၊ နှုတ်ခမ်းမွှေး မုတ်ဆိတ်မွှေးကလေးများ ရေးတေးတေးပေါက်လာခြင်းဖြင့်ကျွန်ုပ်တို့ဝင်လာခဲ့ကြသည်။ ယောကျ်ားကလေးများက တို့ပတ်သ၍လည်းကောင်း မိန်းကလေးများက ပေါင်ဒါဖို့၍လည်းကောင်း တစ်ဦးနှင့်တစ်ဦးပြီတီတီလုပ်တတ်ကြသော ကာလများပင်တည်း။ ကလေးဘဝ၏ စိတ်လှုပ်ရှားဖွယ်ကောင်းသော အဆင့်တစ်ရပ်လည်း ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်ရိုးသားစွာပြောရပါမူ ထိုကာလကိုကျွန်ုပ်တစ်ဖန်ပြန်၍ တိုးဝင်ခြင်းမပြုလိုတော့ပါ။ စာဖတ်သူသည်လည်း ကျွန်ုပ်ကဲ့သို့ သဘောထားရှိ မရှိကိုမူ ကျွန်ုပ်ကံသေကံမ မပြောနိုင်ပါ။ ကျွန်ုပ်တို့၏ ဝရုန်းသုန်းကား ကမောက်ကမအစီအစဉ်မကျသည့် လူငယ်ဘဝကို ဖေါ်ညွှန်းခဲ့သည့် ကြောက်ရွံ့ထိတ်လန့်မှုများ လှောင်ပြောင်ခံရမှုများနှင့် မျက်ရည်များကိုမူ ကျွန်ုပ်တို့လူကြီးအားလုံး ပီပြင်ပြတ်သားစွာ အမှတ်ရလေ့ရှိကြပါသည်။ ထို့ကြောင့်ပင် သားသမီးများသည် လူပျိုပေါက်၊ အပျိုပေါက်ဘဝသို့ ချဉ်းကပ်လာကြလျှင်မိဘများထိတ်လန့် တုန်လှုပ်စပြုလာကြခြင်း ဖြစ်နိုင်ကောင်းပေသည်။ (စကားမစပ်မေးရလျှင် ဆယ်ကျော်သက်များ၏ စိတ်ပူတတ်သောမိဘများအတွက် သီးသန့်တီထွင်ထားသော လတ်ပတ်နာရီအသစ်အကြောင်းကို ကြားဖူးပါသလား။ ည ၁၁နာရီကျော်သည်နှင့်ပတ်ထားသော သူ၏လက်ပတ်နာရီက ၁၅မိနစ်တိုင်းတွင် အချက်ပေးခေါင်းလောင်း သံမြည်သည်ဟုဆိုသည်။)

အပျိုပေါက် လူပျိုပေါက်များ၏ မိဘများကြုံတွေကခဲ့ကြရသည့် ပြဿနာတိုင်းကို ချက်ချင်းဖြေဆိုနိုင်သောအဖြေများ ကျွန်ုပ်တွင်ရှိသည်ဟုဆိုပါက အမှားကြီးမှားသွား ပါလိမ့်မည်။ ကျွန်ုပ်၏ ကိုယ်ပိုင်အကန့်အသတ်များကို ကျွန်ုပ်ကိုယ်တိုင်မှတ်မိသိရှိပါသည်။ ထို့ပြင် ဆယ်ကျော်သက်တို့၏ ကမောက်ကမပြဿနာများကို လက်တွေကကျကျဖြေရှင်းရေးထက် စာဖြင့်ချ၍ရေးပြရသည်က ပိုမိုလွယ်ကူသည်ဆိုခြင်းကို ပွင့်လင်းစွာဝန်ခံပါသည်။ ဤဘာသာရပ်တွင်ဖြစ်စေ အခြားဘာသာရပ်တွင်ဖြစ်စေ ငါတော်သည် ငါတတ်သည်ဟု ကျွန်ုပ်ကိုယ်ကျွန်ုပ်စိတ်ကြီးဝင်လာလျှင် “အေး မင်းအမြင့်ဆုံးခုန်ပျံပြီး အောက်ကိုထိုးကျလာရင်တော့ မိုန်းစာမိပြီသာမှတ်တော့” ဟူသော ဝေလငါးမကြီးက ဝေလငါးသားပေါက်ကလေးကို ပြောသည့်စကားဖြင့် ကျွန်ုပ်ကိုယ်ကျွန်ုပ်သတိပေးရပါသည်။ ထိုဆုံးမစကားကို စွဲမှတ်၍ခေါင်းမာ၍ တဇွတ်ထိုးနိုင်လှသော လူပျိုပေါက် အပျိုပေါက်ပြဿနာများကို ဖြေရှင်းရာတွင် အထောက်အကူရစေသည့် အကြံဉာဏ်များစွာကို ခယဝပ်တွားစွာ ကမ်းလှမ်းခွင့်ပြုပါ စာရှုသူ။

## ဆယ်ကျောင်သက်တစ်ဦး လေးစားမှုနှင့်ဂုဏ်သိက္ခာလိုအပ်မှု

ပျိုဖေါ်ဝင်စကာလများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ အပြောင်းအလဲများ ထင်ရှားသိသာသော အထူးသဖြင့်ဒုက္ခများတတ်သည့် အချိန်ဖြစ်ပါသည်။ ၁၉၇၆ခုနှစ်က အနှစ် ၂၀၀ပြည့်အထိန်းအမှတ် အခန်းအနားတစ်ခုတွင် ပက်ထရစ်ခ် ဟင်နရီ (Patrick Henry) ၏သမိုင်းဝင် မိန့်ခွန်းကိုပြန်လည် ရွတ်ဆိုပြရန် တာဝန်ပေးခံရသော အထက်တန်းကျောင်းသားတစ်ဦးက ထိုကာလ၏ ထူးခြားသော အခက်အခဲကို ဖွင့်ဟပြောပြခဲ့သည်။ ထိုလူငယ်သည် အဆိုပါအခန်းအနားသို့ တက်ရောက်လာကြသော မိဘပရိသတ်များ၏ရှေ့တွင် စကားပြောရန် မတ်တပ်ရပ်မိသောအခါ စိတ်များရှုတ်ထွေးပြီး ကတုန်ကရင်နှင့် လွှတ်ကနဲပြောဖြစ်လိုက်သည်မှာ “ကျွန်တော့်ကို လူပျိုဘဝပေးရင်ပေး မပေးရင်သတ်ပြစ်လိုက်ကြပါတော့” ဟူသတည်း။ သူ၏ပြောပြချက်မှာ ရယ်ရမလိုနှင့် ငိုရမည့်ကိန်းဆိုက်ပြန်ပေသည်။ များစွာသော ဆယ်ကျော်သက်တို့သည် အဆိုပါလမ်းနှစ်သွယ်အနက် တစ်သွယ်ကို သူတို့မလွဲမသွေ ရွေးချယ်ရမည်ဟု ရိုးသားစွာ ယုံကြည်လေ့ရှိပါသည်။

ဘဝတွင် ၁၃နှစ်နှင့် ၁၄နှစ်ဟူသောနှစ်များသည် အခက်ခဲဆုံးသော ၂နှစ် သို့မဟုတ် ၂၄လဖြစ်ပါသည်။ တွေ့ကြုံရသည့် ကြီးမားသော လူမှုရေးဖိအားများ၏အလယ်တွင် မိမိကိုယ်မိမိမယုံမရဲနှင့် သိမ်ငယ်စိတ်တို့အချိန်တိုင်း အရှိန်ရှိန်မြင့်တက်နေသော ကာလလည်းဖြစ်ပါသည်။ လူသားတစ်ဦးအဖြစ် အရွယ်ရောက်သူတစ်ဦး၏ တန်ဖိုးသည်အမည်ဆိုးဖြင့် ပြောင်းလဲတတ်သည့် ရွယ်တူအုပ်စု၏လက်ခံရေးအတွက် မရေရာမသေချာ ဖြစ်လေ့ရှိသည်။ ထို့ကြောင့် သူတို့ကိုယ်တိုင်မိုက်မဲသူများ ရှုံးနိမ့်သူများအဖြစ်ယူဆထားသူများအဖို့ သာမန်လက်မခံမှုများ အသေးအဖွဲလှောင်ပြောင်ခံရမှုများသည်ပင် အဓိကပြဿနာများ ဖြစ်နေတတ်ကြပါသည်။ ကျောင်းကားပေါ်တွင် အတူတကွထိုင်ဖေါ်ထိုင်ဖက်မရှိခြင်း အရေးပါသောဖြစ်ရပ်များ အခန်းအနားများသို့ ဘိတ်ကြားမခံရခြင်း၊ အပေါင်းအဖေါ်အချင်းချင်းအရုက်ခွဲခံရခြင်း၊ အဖုအထစ်ထူပြောနေသော နဖူးပြင်တွင်ဝက်ခြံညှစ်ရန် နံနက်စောစောအိပ်ရာမှထခြင်း၊ သင်ကချစ်သလိုသူကလည်းပြန်ချစ်လိမ့်မည်ဟု ယူဆထားသော မိန်းကလေးက ပါးကိုရိုက်ခြင်းစသည် တစ်ခုခုကြောင့် ထိခိုက်ခံစားရမှုကို ခန့်မှန်းရန်ခက်ခဲလှသည်။ အချို့သော ယောကျ်ားကလေးများနှင့် မိန်းကလေးများသည် သူတို့၏ဆယ်ကျော်သက် ကာလတစ်လျှောက် အဆိုပါဒုက္ခများကို အဆက်မပြတ် ကြုံတွေ့ရလေ့ရှိပါသည်။ ထိုအတွေ့အကြုံကို သူတို့၏တစ်သက်ဘယ်တော့မှ မေ့ပျောက်နိုင်ကြလိမ့်မည်

မဟုတ်ပါပေ။

အနောက်တိုင်းယဉ်ကျေးမှုနယ်ပယ်တွင် အရွယ်ရောက်စ လူပျို/အပျိုပေါက်တစ်ဦး၏ မိမိကိုယ်မိမိအထင်ကြီး လေးစားမှုသည် သူ/သူမ၏ ငယ်ရွယ်ပျိုပျစ်မှုကြောင့်ပင် လွှမ်းမိုးဖိစီးမှု၊ တားမြစ်ပိတ်ပင်မှု ခံရလေ့ရှိသည်။ လူကြီးများအနေဖြင့် လူသိရှင်ကြားလုပ်ဆောင်နေကြသည့် အခွင့်ထူးများ၊ ဒုစရိုက်မှု/မကောင်းမှုများကို သူ/သူမအနေဖြင့် ငယ်ရွယ်လွန်းသောကြောင့် လုပ်ဆောင်ခွင့်မရှိဘဲ တားမြစ်ပိတ်ပင်ခံကြရသည်။ သူ/သူမသည် ကားမောင်းခွင့်မရှိ၊ လက်ထပ်ခွင့်မရှိ၊ အရက်သောက်ခွင့်၊ ဆေးလိပ်သောက်ခွင့်မရှိ၊ အိမ်မှလည်းထွက်သွားခွင့်မရှိပေ။ ထို့ပြင် သူမ၏ကာမဆန္ဒ ဖြေဖျောက်မှုကိုလည်းခွင့်မပြုကြပေ။ သူ/သူမအတွက် ခွင့်ပြုထားသည်ဟု ယူဆရသောအချက်တစ်ရပ်မှာ ကျောင်းမှန်မှန်တက်ပြီး စိတ်ပျက်ငြီးငွေ့ဖွယ်ကောင်းသော ကျောင်းစာအုပ်များကို လေ့လာဖတ်မှန်ရေးပင် ဖြစ်ပေသည်။ ထိုသို့ဖော်ပြရခြင်းသည် အလွန်အကျူးယူဆသည်ဟု ထင်မှတ်ဖွယ်ရှိသော်လည်း လူငယ်အမျိုးသမီးငယ်များက သူတို့အားလူ့အဖွဲ့အစည်းက ဝိုင်းပယ်ထားသည်။ ထိပါးစော်ကားခြင်းခံရသည်ဟု ခံစားကြရလေ့ရှိကြောင်း အမှန်တကယ်ပြောပြချက်များပင် ဖြစ်ပါသည်။ မျက်မှောက်ကာလလူငယ်များ၏ ဒေါသကို “တရားမျှတမှုမရှိခြင်း” ဟူသောသူတို့၏ ခံယူချက်ကလှုံ့ဆော်နှိုးဆွပေးနေကြပေသည်။

ကော်နဲလ်တက္ကသိုလ် (Cornell University) ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ထင်ရှားသောတာဝန်ရှိပုဂ္ဂိုလ် ဒေါက်တာ ယူရီး ဘရွန်ဖန်ဘရင်နာ (Dr. Bronfenbrenner) ကလူပျိုပေါက် အပျိုပေါက်ကာလသည် ဘဝကိုဖျက်ဆီးတတ်ဆုံးသောကာလများဟု သတ်မှတ်ထားပါသည်။ အဆိုပါအချက်ကို သူသည် ဆူဆန့ဘိုင်ရာနီ (Susan Byrne) နှင့် အသံသွင်းယူခန်းတွင်ဖော်ပြခဲ့ခြင်းဖြစ်ပြီး ၁၉၇၇ခုနှစ်တွင် ယနေ့စိတ်ပညာ (Psychology Today) အမည်ဖြင့်စာအုပ် ထုတ်ဝေခဲ့သည်။

အဆိုပါဆောင်းပါးတွင် အမေရိကန်အထက်လွှတ်တော်က ကလေးတစ်ဦး၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးဆုံးသောနှစ်များကိုရည်ညွှန်းရေးနှင့် ပတ်သက်ပြီးကြားနာရာတွင် သူ့အားမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြထားသည်။ ထူးခြားထင်ရှားသောသင်ယူမှုများသည် ကလေးငယ်တစ်ဦး၏ မူကြိုအရွယ် ပထမ ၆နှစ်ကာလတွင် ဖြစ်ပေါ်လေ့ရှိသည်ဟူသော လူသိများသည့်အဆိုကို သူ့အနေဖြင့် အလေးပေးဖြေကြားစေလိုကြောင်း အထက်လွှတ်တော်အမတ်များ မျှော်လင့်ထားသည်ကို သူသိရှိနေခဲ့သည်။ သို့ရာတွင် ဘရွန်ဖန်ဘရင်နာက မူကြိုအရွယ်ကလေးများသည် အလွန်အရေးကြီးသည်ကို သဘောတူပါသည်။ သို့သော် ကလေးဘဝ၏ အဆင့်တိုင်းသည် သူ့အဆင့်နှင့်သူ အရေးကြီးပါသည်။ အထူးသဖြင့် ကလေးတစ်ဦး၏ စိတ်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ဆယ်ကျော်သက်အကြိုကာလနှစ်များသည် အရေးကြီးဆုံးဖြစ်ကြောင်းကို အထက်လွှတ်တော်အမတ်များအား သူကရှင်းပြပြောကြားခဲ့သည်။ ထိုကာလသည် မိမိကိုယ်မိမိမသေချာ မရေရာဘဲ သံသယဖြစ်တတ်သောကာလဖြစ်ပြီး ကလေးငယ်၏ ကိုယ်ရည်ကိုယ်သွေးကို ပြန်လည်ပြုပြင်၍မရလောက်အောင် ဖိစီးမှုခံရပြီး ပျက်စီးစေတတ်သည်။ ထိုအရွယ်တွင် ဆယ်ကျော်သက်များအား အထက်တန်းကျောင်း/တက္ကသိုလ် ကောလိပ်များသို့ ကျန်းမာပျော်ရွှင်နေသည့် ကလေးများကိုတက်ရောက်ခွင့်ပေးရန် မသင့်တော်သေးကြောင်း တက်ရောက်ခွင့်ပေးပါကနှစ်အတန်ကြာလျှင် စိတ်ဓါတ်ယိုယွင်းပျက်စီးနေသော ဆယ်ကျော်သက်များသာ ပေါ်ထွက်လာနိုင်ကြောင်းကိုလည်း ရှင်းပြခဲ့ပါသည်။

ဤနေရာတွင် ကျွန်ုပ်အနေဖြင့် ဘရွန်ဖန်ဘရင်နာနှင့် သဘောမတူညီနိုင်ပါ။ ထိုအသက်အရွယ်တွင် ကျောင်းတက်နေသောကလေးများသည် ထိုးစံအားဖြင့်အားနည်းသော ကလေးကိုအားကြီးသောကလေးက ထိုးကြိတ်ကန်ကျောက် အနိုင်ကျင့်လေ့ရှိကြသည်။ အချင်းချင်းခိုက်ရန် ဒေါသဖြစ်ကြသည်။ မိမိကိုယ်မိမိမုန်းတီးစိတ်ပွားများပြီး တောင့်တင်းကျန်းမာသော ကိုယ်ခန္ဓာကို ပိုင်ဆိုင်လင့်ကစား စိတ်ဓါတ်ဖယိုဖရဲဖြစ်ကာ မမွေးဖွားလာလျှင်ကောင်းလေစွဟု ယူဆနေကြသော အန္တရာယ်နှင့်နီးစပ်နေသည့် ကလေးများကို ကျွန်ုပ်တို့တွေ့ဖူးပါသည်။ ထိုသို့သော ကလေးများသည် မိမိကိုယ်မိမိအလွန်အမင်း သံသယရှိတတ်သောကာလအတွင်း မိတ်ဆွေကောင်းတစ်ဦးမရှိမဖြစ်လိုအပ်နေတတ် ကြသဖြင့် ထိုကလေးများကို အကူအညီပေးရန် ကျွန်ုပ်စိတ်ပိုင်းဖြတ်ထားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏အရွယ်ရောက်စ ကာလများက စိတ်ပိုင်းဆိုင်ရာကမောက်ကမ ဖြစ်မှုများကိုသတိပြုမိရှုမှုမက အခြားသူများ၏ အဆိုပါအရွယ်ကစိတ်ဒုက္ခများကိုပါ လေ့လာခွင့်ရခဲ့သည်။ အဆိုပါနှစ်များတွင် ၂နှစ်တာကာလကို ပျိုဖော်ဝင်အရွယ် လူငယ်များနှင့်အကျိုးရှိစွာ သင်ကြားခဲ့ရသည်။ ကျွန်ုပ်သည် ဆိုးသွမ်းသောကျောင်းသား ၂၂၅ဦးကို နေ့စဉ်ပင် သိပ္ပံနှင့်သင်္ချာသင်ကြားပေးရသည်။ ကျွန်ုပ်ထံမှသူတို့သင်ယူရသည်ထက် သူတို့ထံမှ ကျွန်ုပ်ကအဆများစွာပို၍ သင်ယူရရှိခဲ့သည်။ ထိုမှစ၍ ကျွန်ုပ်၏စည်းကမ်းသတ်မှတ်မှု ခံယူချက်သဘောထားသည်ပိုမို ခိုင်မာမြဲမြံလာခဲ့သည်။ အကျိုးရှိသောရလဒ်များကို လက်တွေ့ကျသောစနစ်တစ်ခုအဖြစ် ဆောင်ရွက်ရန်ကျွန်ုပ်နားလည်ခဲ့သည်။ သို့ရာတွင် အစဉ်အဆက်လက်ခံလာခဲ့သော ထင်ရှားထူးခြားသည့် စည်းကမ်းများကို လက်တွေ့ကျင့်သုံးရာတွင် အခက်အခဲများစွာတွေ့ရှိရသည်။

ထိုနှစ်များအတွင်း အရေးကြီးဆုံးသင်ခန်းစာတစ်ရပ်မှာ မိမိကိုယ်မိမိအထင်ကြီးလေးစားမှု နည်းပါးသည့်ပြဿနာနှင့်ဆက်စပ်နေပါသည်။ ကျွန်ုပ်၏ကျောင်းသားများနှင့် ပတ်သက်ပြီးတိကျသော စည်းမျဉ်းများသတ်မှတ်ပြီး တင်းကျပ်သောအပြုအမူဆိုင်ရာ လိုအပ်ချက်များကန့်သတ်ရမည်ကို ကျွန်ုပ်စောစီးစွာသဘောပေါက်ခဲ့သည်။ အလားတူစွာပင် ကျောင်းသားတစ်ဦးချင်းစီအား စစ်မှန်သောအလေးထားမှုနှင့် ဂုဏ်သိက္ခာကို လေးစားမှုပြုရမည်ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်နားလည်ထားပြီး ဖြစ်ပါသည်။ သူတို့၏ရင်းနှီးခင်မင်မှုကို ကျောင်းမတက်မီဖြစ်စေ ကျောင်းဆင်းသောအခါဖြစ်စေ သင်ကြားနေချိန်တွင်ဖြစ်စေ ကျွန်ုပ်တတ်နိုင်သမျှ ကြိုးစားတည်ဆောက်ရယူခဲ့သည်။ ကျွန်ုပ်အားပမာမခန့် မလေးမစားပြုလာသောအခါမျိုးတွင် ကျွန်ုပ်အထူးသဖြင့် ခေါင်းမာသော်လည်း သူတို့အားရိုင်းပြစွာ မောက်မာစွာပြောဆိုဆက်ဆံခြင်းမပြုဘဲ အတတ်နိုင်ဆုံးတည်ငြိမ်အေးဆေးပြီး ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံခဲ့သည်။ အထူးသဖြင့်အနိမ့်

ခံရသော ကလေးများကို ကာကွယ်ပေးခဲ့ပြီး သူတို့တစ်ဦးချင်းစီ၏ မိမိကိုယ်မိမိယုံကြည်မှု အလေးထားမှုတို့ကို ဖွံ့ဖြိုးစွာကြိုးစားတည်ဆောက်ပေးခဲ့သည်။ သို့ရာတွင် ကျွန်ုပ်၏စည်းကမ်းနှင့် ပတ်သက်၍မူ မည်သည့်အခါမျှ အလျှော့မပေးခဲ့ပေ။ နေ့စဉ်ပင် ကျောင်းသားများသည် ကျွန်ုပ်စာသင်ခန်းသို့ တိတ်ဆိတ်ငြိမ်သက်စွာ ဝင်ရောက်လာကြသည်။ ပီကေမဝါးကြ။ မလေးမစားလည်း မပြုကြသည့်ပြင် တစ်ဦးနှင့်တစ်ဦး ဘောလ်ပင်နှင့်ထိုး၍ စခြင်းနောက်ခြင်းမပြုကြပါ။ ကျွန်ုပ်သည် သင်္ဘောကြီးတစ်စီး၏ မာလိန်မှူးစင်စစ်ဖြစ်ပြီး မိမိ၏ သင်္ဘောသားများကို ထက်သန်သောဇွဲ၊ ဝီရိယဖြင့်ညွှန်ကြားခဲ့ပေသည်။ ကြင်နာမှုနှင့် ခိုင်မာသောစည်းကမ်းကို အချိုးကျဆက်စပ်ခြင်း၏ ရလဒ်သည် ကျွန်ုပ်အသက်မွေးဝမ်းကျောင်းမှု ဘဝတစ်လျှောက် ပီတိအဖြစ်ရဆုံးသော တမ်းတဖွယ်ဖြစ်ရပ်တစ်ခုပင်။

ဖိစီးခံနေရသော ထိန်းချုပ်ခံနေရသော သင်၏ဆယ်ကျော်သက်များကို လေးစားမှုနှင့်ဂုဏ်သိက္ခာတို့ဖြင့် သင်ဆက်ဆံနိုင်လျှင်ငင်းတို့၏ စည်းကမ်းဆိုင်ရာ ပြဿနာများကို ကျော်လွှားလွန်မြောက်နိုင်မည် ဖြစ်ပါသည်။ ဤကား မည်သည့်အသက်အရွယ်မဆို လူတိုင်းအားဆက်ဆံနိုင်သော အကောင်းဆုံးနည်းလမ်းပင် ဖြစ်ပါသည်။

## ခွန်းကြီးခွန်းငယ်စကားများခြင်းနှင့် စည်းကမ်းပြန်လည်သတ်မှတ်ခြင်း

တစ်ခါတစ်ရံမိဘများသည် အရွယ်ရောက်သူတစ်ဦးနှင့် ကျိုးကြောင်းဆီလျော်မှုမရှိသော ပြဿနာမျိုးကိုလည်း ကြုံရလေ့ရှိပါသည်။ ထိုပြဿနာကို ရှင်းလင်းစေမည့် နမူနာတစ်ခုတင်ပြပါရစေ။

လွန်ခဲ့သောနှစ်အနည်းငယ်က လော့စ်အိန်ဂျလိစ်ရှိ ဆေးတက္ကသိုလ်တစ်ခုမှ ဘွဲ့ရသော ဆေးကျောင်းသားတစ်ဦးသည် လက်တွေ့လုပ်ငန်းအတွက် စိတ်ဆေးရုံတစ်ရုံတွင် အလုပ်သင်ဆရာဝန်အဖြစ်ရက်သတ္တပတ် အတန်ကြာမျှကွင်းဆင်းခဲ့ရသည်။ စိတ်ရောဂါနှင့် ပတ်သက်၍ သူ့အားအနည်းငယ်မျှသာ ရှင်းပြထားသဖြင့် သူကလွဲမှားစွာ သဘောပေါက်ထားသည်မှာ သူ၏လူနာသည် ပကတိဘဝသို့ ပြန်လည်ရောက်ရှိလာရေးအတွက် သူကအကြောင်းပြချက်/ အဖြေရှာပေးရမည်ဟူ၍ဖြစ်သည်။ စိတ်ကစဉ့်ကလျားဝေဒနာရှင်တစ်ဦးကို သူကထူးထူးခြားခြား စိတ်ဝင်စားခဲ့သည်။ အကြောင်းမူကားထိုလူနာက သူ့ကိုယ်သူသေဆုံးသွားပြီဟု ယူဆထားသောကြောင့်ဖြစ်သည်။

"ဒါအမှန်ပါပဲ" လူနာက သူ့အားမေးသူတိုင်းကို "ကျွန်တော်သေသွားပြီ။ သေခဲ့တာနှစ်အတော်ကြာသွားပြီး" ဟုဖြေလေ့ရှိပါသည်။

ဆေးကျောင်းသားက ထိုလူနာ၏စိတ်ကူးကို ကန့်ကွက်ငြင်းဆန်စေမည့် စကားမျိုးလုံးဝမပြောပါ။ ထို့ကြောင့် သူကလူနာနှင့် အတူနေထိုင်ပြီး "ခင်ဗျားသေသွားပြီလို့ တွေးတောတာကို ကျွန်တော်နားလည်ပါတယ်။ သေတာကောဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေါ့ဗျာ" လူနာက "တံခါးမှာရိုက်ထားတဲ့ သံထက်တောင် ပိုပြီးသေသွားတာ" ဟုပြန်ပြောသည်။ ဆေးကျောင်းသားကဆက်လက်၍ "ကဲ ဟုတ်ပါပြီ။ ဒါဆိုရင် ကျွန်တော့်ကိုပြောပြပါဦး။ သေတဲ့လူတွေက သွေးထွက်လား" ဟုမေးလိုက်သည်။ လူနာက "ဟာ ဘယ်ထွက်ပမလဲဗျာ" လူနာကပြန်ဖြေသည်။ သူ့ပုံစံမှာ ပကတိကောင်းနေသူတစ်ဦးကဲ့သို့ ဖြစ်သည်။ ဆေးကျောင်းသားကလူနာ၏လက်ကို ဆွဲယူလိုက်ပြီး လူနာ၏လက်မကို အပ်ကလေးဖြင့် ဆတ်ကနဲဖေါက်လိုက်သည်။ လက်မမှသွေးကလေးများစိမ့်ထွက်လာသောအခါ လူနာက သက်ပျင်းချပြီး "သေတဲ့လူတွေ သွေးထွက်တယ်ဆိုတာ ခင်ဗျားကဘယ်လိုသိတာလဲ" ဟုအံ့သြစွာ ပြန်မေးလိုက်ပါသည်။

စာဖတ်သူသည်လည်း ဤဝေဒနာရှင်ကဲ့သို့ပင် သဘောပေါက်နားလည်မှုမရှိသော လူပျိုပေါက်တစ်ဦးနှင့် ထိုကဲ့သို့စကားပြောရခြင်းမျိုးများရှိတတ်ကြပါသည်။ အဘယ်ကြောင့် အိမ်ကိုအချိန်အတိအကျ ပြန်လာရသနည်း။ အခန်းကို အဘယ်ကြောင့် သန့်ရှင်းသပ်ရပ်စွာထားရသနည်း။ သောကြာနေ့ညမှာ အဘယ်ကြောင့် ကားမသုံးရသနည်း။ စသည့်အကြောင်းအရာများကို ရှင်းပြဖို့ကြိုးစားသည့်အခါတိုင်း အထက်ပါဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ကရလေ့ရှိပါသည်။ ထိုပြဿနာများက အရွယ်ရောက်စလူငယ်များအား တွန်းအားပေးသည့် စိတ်လှုပ်ရှားမှုဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဓါတုအားများတက်ကြွရှင်သန်မှုကို တုန့်နှေးစေပါသည်။

အခြားတစ်ဘက်တွင်လည်း ကျွန်ုပ်တို့၏ဆက်ဆံရေး ကြိုးပမ်းမှုများကို အလွယ်တကူလက်လျှော့ အရှုံးမပေးနိုင်ကြပါ။ အဘယ်ကြောင့်ဆိုသော် မိဘများနှင့် ဆယ်ကျော်သက်များအကြားတွင် တစ်ဦးနှင့်တစ်ဦးနားလည်မှု အခက်အခဲရှိနေတတ်ကြ၍ ဖြစ်ပါသည်။ ထိုသို့သော အထိန်းသိမ်းရခက်ခဲလှသည့် ကာလမျိုးတွင် ကျွန်ုပ်တို့အဆက်မပြတ်ထိတွေ့ ဆက်ဆံနေရမည်ဖြစ်သည်။ ယင်းအချက်သည် ပျော်ရွှင်ချမ်းမြေ့စွာနေတတ်သော ကလေးတစ်ဦးသည် တစ်ညတာအတွင်းမှာပင် စိတ်အချဉ်ပေါက်အောင် ထိန်းမနိုင်သိမ်းမရသည့် ၁၄နှစ်သားဘဝသို့ ရောက်ရှိသွားပုံရသည့် ကလေးမျိုးအတွက်ပို၍ မှန်ကန်ပါသည်။ ထိုသို့အခြေခံကျသော ပြောင်းလဲမှုအတွက် မိဘများအနေဖြင့် စိတ်သောကရောက်ရရုံမျှမက ကလေးငယ်ကိုယ်တိုင်လည်း ပူပန်နေရပေသည်။ သူ၏ ကိုယ်ရည်ကိုယ်သွေးတွင် မခံမရပ်နိုင်စိတ်၊ ရန်လိုစိတ်များ တိုးပွားလာခြင်းကိုလည်း ကလေးငယ်ကိုယ်တိုင် စဉ်းစားမရလောက်အောင် ရှုတ်ထွေးနေသည်။ သူ့အတွက်ထိုသို့သော စိတ်ရှုတ်ထွေးမှုများသည် သာမန်ဖြစ်ရိုးဖြစ်စဉ်များဖြစ်ကြောင်း ကောင်းစွာရှင်းပြနိုင်ပြီး ဖိစီးမှုများမှ လျော့ပါးသက်သာအောင်ဖြေသိမ့်ပေးနိုင်သည့် မိဘများ၏အကူအညီလိုအပ်ပေသည်။

အဆိုပါကိစ္စကို မည်သို့ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်နည်း။ ဖြေဆိုရန် ခက်ခဲသောမေးခွန်းတစ်ခုဖြစ်သည်။ ဒေါ်သူပုန်

ထနေသော လူပျိုပေါက်တစ်ဦးနှင့် ဆက်ဆံရေးလမ်းကြောင်းဖွင့်ရေး၊ မိဘများဘဝ၏ အခြားသောလုပ်ငန်းတာဝန်များထက် ပိုပြီးပြည့်စုံသောနည်းပရိယာယ်များနှင့် ကျွမ်းကျင်မှုများလိုအပ်သည်။ မိခင်နှင့်ဘခင်တို့၏ အဆုံးမရှိသော ကရားရေလွှတ်တတွတ်တွတ် နားပူနာဆာလုပ်မှုများသည် မိဘတို့အတွက် အားအင်ကုန်ခန်းစေသည့်အပြင် နည်းစနစ်လည်းမကျပေ။ အပြန်အလှန်အော်ဟစ်ခြင်းထက်ပို၍ သာလွန်ကောင်းမွန်သော ဆက်ဆံရေးနည်းလမ်း ရှိရပါမည်။ ထိုအခြေအနေကို ဖြေရှင်းနိုင်သည့် ရွေးချယ်နိုင်သောနည်းလမ်းတစ်ခုကို အဆိုပြုပါရစေ။

ဘရိုင်ယန် (Brian) သည်ယခုအခါအသက် ၁၄နှစ်ရှိပြီဖြစ်ပြီး အထက်တွင် ဖေါ်ပြခဲ့သည်။ ဖီဆန်လိုစိတ်များ အန်တုလိုစိတ်များ ပေါ်ပေါက်လာသည့်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ သူသည် စည်းကမ်းများကို လှည့်ကာပတ်ကာ ချိုးဖေါက်လာသည်။ မိသားစုတစ်စုလုံးက မုန်းနေပုံရသည်။ မိဘများက သူ့ကိုစည်းကမ်းသတ်မှတ်သောအခါ သူအလွန်ဒေါသထွက်သည်။ အေးဆေးငြိမ်သက်သည့်အခါများတွင်သော်မှ အိမ်တွင်းနေရသည်ကို မကျေမနပ် ဖြစ်နေမိသည်။ လွန်ခဲ့သည့်သောကြာနေ့ညကမူ သူ့အားသတ်မှတ်ထားသည့်အချိန်ထက် တစ်နာရီနောက်ကျပြီးမှ အိမ်သို့ပြန်ရောက်လာသည်။ သူကဘာကြောင့် နောက်ကျရသည်ကို ငြင်းပယ်သည့်အပြင်တောင်းပန်ခြင်းလည်း မပြုခဲ့ပေ။ သူ၏မိဘများအနေဖြင့် မည်သို့ဆောင်ရွက်လျှင် အကောင်းဆုံးဖြစ်မည်နည်း။

သင်သည် ဘရိုင်ယန်၏ ဘခင်ဖြစ်သည်ဆိုပါစို့။ စနေနေ့နံနက်တွင် မိသားစုများကို ထားခဲ့ပြီးသင်နှင့် ဘရိုင်ယန်တို့နှစ်ဦးတည်းအိမ်မှထွက်ခဲ့ရန် အကြံပြုလိုပါသည်။ ထိုသို့နှစ်ဦးတည်းထွက်ရမည့်အခါတွင် မိသားစုအတွင်းဆက်ဆံရေးပြေပြစ် ငြိမ်းချမ်းနေသောအချိန်မျိုးတွင် ပို၍သင့်တော်ပါသည်။ သင့်တွင် အိမ်တွင်ပြော၍မဖြစ်သည့် သူနှင့်ဆွေးနွေးစရာကိစ္စများရှိကြောင်း ပြောပြပါ။ သို့သော် စနေနေ့နံနက်မတိုင်ခင် သင့်အကြံအစည်ကို ကြိုတင်ပြောပြမထားပါနှင့်။ ထို့နောက် သင့်တော်သောအချိန်တွင် အောက်ပါအကြောင်းအရာများကို (သို့မဟုတ် အောက်ပါတို့ကို ဆီလျော်အောင်ပြုပြင်၍) သူ့အားပြောပြပါ။

က။ ဘရိုင်ယန် သားကိုယ်တိုင်ဖြစ်ပျက်နေတဲ့ အပြောင်းအလဲတွေနဲ့ အိမ်မှာဖြစ်နေတဲ့ ပြောင်းလဲမှုတွေကို ဒီမနက်ပြောပြချင်တယ်။ ပြီးခဲ့တဲ့အပတ်တွေက သိပ်အဆင်မပြေခဲ့ကြဘူးဆိုတာ သားရောဖေဖေပါသိတယ်။ သားဟာအချိန်တိုင်းလိုလို ဒေါသထွက်နေပြီးတဖြည်းဖြည်း နာခံမှုမရှိတဲ့အပြင် ပိုပြီးရိုင်းဆိုင်းလာတယ်။ ဖေဖေနဲ့မေမေကလည်း ဘာမှမပြောခဲ့ဘူး။ ဖေဖေနဲ့မေမေဟာ တဖြည်းဖြည်းစိတ်ပျက်လာကြတယ်။ ပြီးတော့နောင်တရမိတဲ့ကိစ္စတွေကို ဘုရားသခင်က ဒီလိုမိဘတွေရဲ့ သားဖြစ်စေချင်မှာ မဟုတ်ဘူး။ ဒီတော့ ပြဿနာတွေကို ပြေလည်စေတယ့်နည်းလမ်း တစ်ခုခုရှာကြရတော့မယ်။ ဒါကြောင့် သားကို ဖေဖေဒီနေရာခေါ်လာတာပဲ။

ခ။ စပြီးပြောရရင်တော့ ဘာတွေဖြစ်နေသလဲဆိုတာ သားသဘောပေါက်စေချင်တယ် ဘရိုင်ယန်။ သားဟာ အရွယ်ရောက်တယ်လို့သိနေကြတဲ့ ဘဝရဲ့အဆင့်သစ်တစ်ခုကို ရောက်လာပြီ။ ဒါဟာ ကလေးဘဝရဲ့ နောက်ဆုံးအဆင့်ပဲ။ ဒီအဆင့်မှာ အခက်အခဲတွေနဲ့ ပြဿနာတွေထူပြောတဲ့ နှစ်နည်းနည်းရှိတတ်တယ်။ လူတိုင်းဟာ ဆယ်နှစ်ကျော်လာတာနဲ့ ဒီလိုအနေရအထိုင်ရ ကျပ်တဲ့နှစ်တွေကိုစောစောစီးစီး ဖြတ်သန်းကြရတယ်။ သားကတော့ ဒီလိုဖြတ်သန်းရမယ့်အချိန်ကို အခုရောက်နေတာပဲ။ ဒီနေ့ သားရင်ဆိုင်နေရတဲ့ အခက်အခဲတွေဟာ သားစပြီးမွေးတဲ့နေ့ကစပြီး ကြိုတင်တွက်ဆလို့ရတဲ့ ကိစ္စတွေပါ။ ဘာဖြစ်လို့လဲဆိုတော့ ကြီးပြင်းပြီးအရွယ်ရောက်လာတယ်ဆိုတာ ဘယ်တော့မှလွယ်ကူတဲ့ အရာမဟုတ်ဘူး။ ဒီနေ့လူပျို/ အပျိုတွေမှာ ဖေဖေတို့လူပျိုပေါက်အချိန်ကထက်ပိုပြီး ကြီးမားတဲ့ဖိစီးမှုတွေရှိနေတယ်။ သားကို ဖေဖေပြောခဲ့တာတွေဟာ ဖေဖေနဲ့မေမေက သားကိုနားလည်သဘောပေါက်တယ်။ လွန်ခဲ့တဲ့ရက်တွေကတို့အိမ်မှာပြဿနာတွေ ဖြစ်ခဲ့တာတောင်မှ သားကိုဖေဖေနဲ့မေမေက ချစ်မြဲချစ်နေဆဲပဲ။

ဂ။ ဘာတွေဖြစ်လာသလဲဆိုတော့ သားကလွတ်လပ်မှုရဲ့အရသာကို တွေ့ခဲ့ပြီးပြီ။ ဘာကိုဝတ်ရမယ်။ ဘာကိုစားရမယ်။ ဘယ်အချိန်မှာ အိပ်ရမယ်လို့ ကလေးလေးလိုတဖွဖွပြောခံတာကို သားငြီးငွေ့နေပြီ။ ဒါဟာ သားကြီးပြင်းဖို့ အထောက်အကူပြုစေတဲ့ ခိုင်မာတဲ့သဘောထား တစ်ရပ်ပဲ။ ဒါပေမဲ့ အခုတော့သားက ကိုယ့်ဘာသာကိုယ်စီမံ ခန့်ခွဲချင်ပြီးကိုယ့်ဆုံးဖြတ်ချက်ကိုယ်ချ ချင်နေပြီ။ ဘယ်သူက ဝင်ရောက်စွက်ဖက်တာကိုမှ မခံချင်တော့ဘူး။ ဘရိုင်ယန် သားလိုချင်တာကို မကြာခင်ပဲရတော့မှာပါ။ အခုဆိုရင် သား၁၄နှစ်ရှိပြီ။ မကြာခင်မှာပဲ ၁၅နှစ်၊ ၁၇နှစ်၊ ၁၉နှစ်ဖြစ်လာတော့မယ်။ သားဟာ မျက်တောင်ကလေးပုတ်ခတ်ပုတ်ခတ်နဲ့ ကြီးပြင်းလာရတော့မယ်။ သားအတွက် ဖေဖေတို့တာဝန်ရှိတော့မှာ မဟုတ်တော့ဘူး။ အဲဒီနေ့ဟာ သားနှစ်သက်တဲ့ သူနဲ့လက်ထပ်တဲ့နေ့၊ သားကြိုက်တဲ့ တက္ကသိုလ်ကို တက်တဲ့နေ့၊ သားနဲ့သင့်တော်တဲ့အလုပ်ကို သားရွေးချယ်တဲ့နေ့ပဲ။ သားလူကြီးဖြစ်လာတဲ့ လူကြီးဘဝကို ဖေဖေတို့လေးစားမှာပဲ။ ဒါ့အပြင် အဲဒီနေ့ကိုရောက်ဖို့နီးလာလေလေ သားကိုလွတ်လပ်ခွင့် ပိုပြီးပေးဖို့ဖေဖေတို့ စဉ်းစားလေလေပဲ။ မနှစ်ကထက်စာရင် ဒီနှစ်သားမှာပိုပြီး အခွင့်အရေးတွေရလာမယ်။ သားဟာ ဘုရားသခင်နဲ့ သားကိုယ်တိုင်အတွက်ပဲ တာဝန်ယူရတော့မယ်။

ဃ။ ဒါပေမဲ့ ဘရိုင်ယန် သားဟာအခုအချိန်အထိ အရွယ်မရောက်သေးဘူးဆိုတာ နားလည်ထားပါ။ လွန်ခဲ့တဲ့တစ်ပတ်နှစ်ပတ်က သားကဖေဖေနဲ့မေမေကို မဆက်ဆံချင်ဘူး။ သားတစ်ယောက်တည်းပဲနေချင်တယ်။ မင်းကြိုက်တဲ့ညမှာ ညဥ့်နက်သန်းခေါင်နေဖို့ခွင့်ပေးစေချင်တယ်။ ကျောင်းစာကိုလည်း မကြိုးစားချင်ဘူး။ အိမ်မှုကိစ္စကိုလည်း ဘာမှတာဝန်မယူချင်ဘူး။ မင်းလိုချင်တာတောင်းဆိုတာတွေကို သားကအခုအသက် ၁၄နှစ်သားမှာပဲ အသက်၂၀ပြည့်တဲ့ လူငယ်တစ်ယောက်လို လွတ်လပ်ခွင့်အပြည့်အဝလိုချင်တာပဲ။ ဒါပေမဲ့ တစ်ဘက်က ကြည့်ပြန်တော့သားရဲ့အင်္ကျီကို မီးပူထိုးပေးစေချင်သေးတယ်။ အစားအသောက်ကို အရန်သင့်ချူးပြီးခပ်ပြီး စားစားချင်တယ်။ သားရဲ့အကြွေးစာရင်းတွေကိုလည်း ဆပ်နေရတုန်းပဲ။ မိဘအတွက်ရော သားအတွက်ပါ ဘာတာဝန်မှ မယူချင်းဘူး။ ဒီတော့ တို့ဘာလုပ်ကြမလဲ။ တို့အတွက်အလွယ်ဆုံးကတော့ သားလမ်းကိုသားဘာသာ လျှောက်ခိုင်းလိုက်တာပဲဖြစ်မယ်။ ဘာအဟန့်အတား၊ အနှောင့်အယှက်မှ မရှိတော့ဘူး။ အသက် ၁၄နှစ်သားကလေးတွေရဲ့ မိဘတွေအတော်များများ ဒီလိုပဲလက်လွှတ်ထားတတ်

လိုက်ကြတယ်။ ဒါမေမဲ့ ဖေဖေတို့ကတော့ ဒီလိုလက်လွှတ်ဖို့ အလျှော့ပေးမှာမဟုတ်ဘူး။ သားဟာ ဒီလိုလုံးဝအမှီအခိုကင်းအောင်နေနိုင်ဖို့အဆင့်သင့် မဖြစ်သေးဘူး။ ဒီအချိန်မှာ သားကိုအလျှော့ပေးလိုက်ရင် ဖေဖေတို့ဟာသားကို ချစ်တာထက်နှစ်သလိုဖြစ်သွားမယ်။ တို့ရဲ့ ကျန်တဲ့ဘဝမှာ နောင်တရမဆုံးဖြစ်နေရလိမ့်မယ်။ ပြီးတော့ သားကလည်းဖေဖေတို့ကို အပြစ်တင်လိမ့်မယ်။ သားကိုအနီးကပ်စောင့်ကြည့်နေတဲ့ သားရဲ့ညီမလေးနှစ်ယောက် ရှိနေတာကိုလည်း သားသိတယ်။ သားရဲ့နမူနာပြပေးနေတဲ့ လုပ်ရပ်တွေကသူတို့ကို ကာကွယ်ပေးရမယ်။

င။ ဒါ့အပြင် ဖေဖေတို့ကိုသားအတွက် လမ်းမှန်ရာကိုပို့ပေးဖို့ မိဘရဲ့တာဝန်တွေလွှဲအပ်ထားတယ်။ အဲဒီတာဝန်တွေကိုထမ်းဆောင်ဖို့ ဖေဖေတို့ကို တာဝန်ပေးထားတယ်။ သမ္မာကျမ်းစာမှ အီလီ (Eli) လို့ခေါ်တဲ့ ဖခင်တစ်ယောက်က သူ့ရဲ့ဆယ်ကျော်သက်သား ၂နှစ်ယောက်ကို ဆုံးမပဲ့ပြင်ခြင်းမရှိတဲ့ အခန်းကိုသားဖတ်ကြည့်စေချင်တယ်။ သူ့သားတွေ အရှိအသေမဲ့မှု၊ နာခံမှုမရှိမှုတွေအတွက် ဘုရားသခင်က အီလီကိုသိပ်ဒေါသထွက်တာ ထင်ရှားတယ်။ သူ့သား ၂ယောက်ကို တိုက်ပွဲမှာကျဆုံးစေတဲ့အပြင် ဆုံးမပဲ့ပြင်သွန်သင်ဖို့ ဝတ္တရားပျက်ကွက်တဲ့ ဖခင်ကိုလည်းအပြစ်ပေးခဲ့တယ်။ မိဘဝတ္တရားတွေကို သမ္မာကျမ်းစာတစ်စောင်လုံးမှာ တွေ့နိုင်တယ်။ မိခင်နဲ့ဖခင်တို့ဟာ သားသမီးတွေကို သားကိုယ်တိုင်ရော တခြားသူတွေကိုပါ အန္တရာယ်ဖြစ်စေမယ့် အပြုအမူမျိုးပြုမူ ကျင့်ကြံဖို့ဖေဖေတို့ကသားကို ခွင့်ပြုခဲ့ရင် ဖေဖေတို့ဟာဘုရားသခင်ရဲ့ အပြစ်တင်ခြင်းက ကင်းလွတ်ခွင့်ရမယ်မဟုတ်ဘူး ဆိုတာပဲ။

စ။ ဒီတော့ မေးစရာရှိလာတာက ဒီအချိန်ကစပြီး ငါတို့ဘယ်လိုဆက်ပြီး စခန်းသွားကြမလဲ ဆိုတာပဲ။ အခုဒီနေရာ ဒီအချိန်မှာ သားကိုဖေဖေက ကတိတစ်ခုပေးချင်တယ်။ သားမေမေနဲ့ဖေဖေတို့ဟာ ဖေဖေတို့ဖြတ်သန်းခဲ့ရဖူးတဲ့ လိုအပ်ချက်တွေနဲ့ ဆန္ဒတွေထက်အခုသားခံစားနေရတဲ့ လိုအပ်ချက်တွေ ဆန္ဒတွေကိုပိုပြီး အလေးထားဖို့ရည်ရွယ်ထားတယ်။ ဖေဖေတို့ဟာ သားသိတဲ့အတိုင်းအလုံးစုံပြည့်စုံတဲ့ လူသားတွေမဟုတ်ကြဘူး။ တစ်ခါတစ်လေမှာ ဖေဖေတို့ဘက်က မတရားဘူးလို့သားခံစားနေရတာဟာ သဘာဝကျတယ်။ ဒီလိုခံစားလာရရင် သားရဲ့သဘောထားကို ဖွင့်ပြောပြပါ။ ဖေဖေတို့စိတ်ရှည်လက်ရှည်နားထောင်ပေးမယ်။ သားနဲ့ဖေဖေတို့ကြားက ဆက်ဆံရေးကို ပွင့်ပွင့်လင်းလင်းဖြစ်စေချင်တယ်။ သားက အခွင့်အရေးတစ်ခုရှာဖို့ ကြိုးစားရင်ဖေဖေက “ဒီတောင်းဆိုချက်ကို ဘရိုင်ယန်နဲ့တခြားသူတွေကို အန္တရာယ်မဖြစ်အောင် ငါဖြည့်ဆည်းပေးနိုင်တဲ့ နည်းလမ်းရှိသလားလို့” ကိုယ့်ကိုယ်ကိုမေးကြည့်မယ်။ သားလိုချင်တဲ့ကိစ္စဟာ ကောင်းကျိုးချမ်းသာ ဖြစ်မယ်ဆိုရင် ဖေဖေခွင့်ပြုပေးမယ်။ ဖြည့်ဆည်းပေးမယ်။ ဖေဖေ့ဘက်က အတတ်နိုင်ဆုံးလိုက်လျောပေးမယ်။

ဆ။ ဒါပေမဲ့ နားထောင်ဦးဘရိုင်ယန်။ အလျှော့ပေး အလိုလိုက်လို့မရတဲ့ ကိစ္စလေးတွေတော့ ရှိလိမ့်ဦးမယ်။ ဖေဖေက“မရဘူး – မဖြစ်ဘူး” လို့ပြောရတဲ့အခါတွေလည်း ရှိလိမ့်ဦးမယ်။ အဲဒီအချိန်မျိုးရောက်လာရင်တော့ ဖေဖေဟာ ဂျီဘရော်တာ (Gibraltar) ကျောက်ဆောင်ကြီးလို့ မတုန်လှုပ်ဘဲကြံ့ကြံ့ခံနေမယ်ဆိုတာကိုတော့ သားမျှော်လင့်ထားရမယ်။ အဲဒီအချိန်မှာ ဒေါသူပုန်ထတာတို့ ပေါက်ကွဲတာတို့ တံခါးကိုဆောင့်ပိတ်တာတို့ အဲဒါတွေအားလုံး ဘာမှအရာထင်လာမယ်မဟုတ်ဘူး။ ကျန်သေးတဲ့စည်းကမ်းတွေနဲ့ ပတ်သက်ပြီး ဖေဖေ့ကိုအာခံမယ့်လမ်း တိုက်ခိုက်မယ့်လမ်းကို သားရွေးမယ်ဆိုရင်တော့ သားအရှုံးကြီးရှုံးသွားလိမ့်မယ်။ သားကိုယ်သားတိုက်နိုင် ခိုက်နိုင်လောက်အောင် သန်မာထွားကြိုင်းတယ်လို့ ယူဆထားရင် ဖေဖေဟာသားကိုလှဲသိပ်နိုင်တဲ့အထိ သန်မာနေဆဲပဲဆိုတာ် ယုံထားပါ။ နွားပျိုသန်လှ နွားအိုပေါင်ကျိုးတဲ့။ သားအိမ်မှာ ရှိနေဦးမယ့်နှစ်တွေအတွင်း ဖေဖေ့တာဝန်ကို ဖေဖေထမ်းဖို့သတ္တိအပြည့်ရှိတယ်။ ခိုင်မာတဲ့ဆုံးဖြတ်ချက်ရှိတယ်။ လိုအပ်ရင်ဒီကိစ္စအတွက် ဖေဖေ့မှာရှိတဲ့အားအင်တွေကို သုံးဖို့ရည်ရွယ်ထားတယ်။ ဒီတော့ သားအပေါ်မှာပဲ မူတည်တော့တယ်။ အိမ်မှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ရှိုင်းရှိုင်းပင်းပင်းနေလို့ရတယ်။ ဒါမှမဟုတ် သားဘဝမှာ ဖေဖေတို့နေဖို့ ကျန်နေတဲ့အချိန်အတွင်း တစ်ယောက်နဲ့တစ်ယောက် စာစေးမကိုက်ဘဲ တကျက်ကျက် ပြဿနာတက်နေချင်ရင်လည်း ရတယ်။ အိမ်ကိုရောက်ရင် သားကိုပြောထားပြီးတဲ့အတိုင်း ကြိုက်တဲ့လမ်းကိုရွေးပေတော့။ မိသားစုအတွင်းမှာ တာဝန်တွေကိုမျှပြီး ယူရမယ်။ ဖေဖေနဲ့ပမေမေကိုလည်း ဆက်ပြီးလေးစားဖို့လိုတယ်။

ဇ။ သား ဘရိုင်ယန်နောက်ဆုံးအနေနဲ့ ဖေဖေသားကိုစပြီး ပြောခဲ့တဲ့စကားကို ထပ်ပြီးအလေးအနက် ပြောပါရစေ။ ဖေဖေနဲ့မေမေတို့ဟာ သားထင်ထားတာထက်ပိုပြီး သားကိုချစ်ကြပါတယ်။ ဒီလိုအခက်အခဲ အကျပ်အတည်းနဲ့ ကြုံနေရတဲ့အချိန်အတောအတွင်း မေတ္တာမပျက်နေသွားကြမယ်။ မျက်မှောက်လောကကြီးမှာ ဒုက္ခတွေဟာ တောင်လိုပုံနေတယ်။ ဘဝမှာ စိတ်ပျက်လက်လျှော့မှုတွေ၊ ဆုံးရှုံးမှုတွေ၊ ငြင်ပယ်ကန့်ကွက်မှုတွေ၊ အိုမင်းရင့်ရော်မှုတွေ၊ နာမကျန်းဖြစ်မှုတွေနဲ့ နောက်ဆုံးသေဆုံးမှုတွေနဲ့ တင်းကျပ်ပြည့်နေတယ်။ ဒီလိုဒုက္ခတွေကို သားအနေနဲ့သိပ်ပြီး မခံစားရသေးပေမဲ့ သားသဘောပေါက်လောက်အောင်တော့ မြည်းစမ်းကြည့်ပြီးပါပြီ။ ဒီတော့ငါတို့အိမ်တံခါး အပြင်ဘက်ကနှလုံးနာစရာ ကိစ္စတွေကိုအပြန်အလှန် လိုအပ်နေကြတယ်။ သားယုံချင်ယုံ မယုံချင်နေ။ သားကိုဖေဖေတို့လိုအပ်တယ်။ အခါမလပ်ကိုလိုအပ်တယ်။ ဒီမနက်သားကို ဖေဖေတို့အသိပေးချင်တဲ့ကိစ္စကတော့ ဒါပါပဲ။ ဒီအချိန်ကစပြီး တို့မိသားစုပိုပြီး စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နေသွားကြပါစို့။

ဥ။ ကျွန်ုပ်တို့အနေဖြင့် ထပ်မံဖြည့်စွက်ပြောပြရန်အချက်များ ရှိပါသေးသလား။

အထက်ပါအကြောင်းအရာများသည် တစ်ဦးချင်းစီ၏ အခြေအနေများနှင့် အရွယ်ရောက်သူတစ်ဦး၏ သီးခြားလိုအပ်ချက်များနှင့်အဆင်ပြေစေရန် လိုအပ်သလို ပြောင်းလဲသင့်ပါသည်။ ထို့ပြင် ကလေးများ၏ တုန့်ပြန်မှုများသည်လည်း တစ်ဦးနှင့်တစ်ဦး သိသာထင်ရှားစွာကွဲပြားပါလိမ့်မည်။ ပွင့်လင်းသောယောကျာ်းလေး/မိန်းကလေးသည် ထိုသို့သောဆက်ဆံပြောဆို ဆွေးနွေးသည့်အခိုက်အတန့်တွင်သူ/သူမ၏ အနက်နဲဆုံးသော ခံစားချက်ကိုထုတ်ဖော်ပြောပြပါလိမ့်မည်။ အခြားတစ်ဘက်တွင်လည်း ခေါင်းငိုက်စိုက်ချပြီး မလှုပ်

မရှုက် ထိုင်ကောင်းထိုင်နေပါလိမ့်မည်။ သင်၏ ကလေးငယ်သည် ခေါင်းမာစွာ သို့မဟုတ် ရန်လိုစွာရှိနေဆဲဖြစ်လျှင်သော်မှ အနည်းဆုံး တော့မိဘဘက်မှ ဝတ္တရားများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းစွာပြောပြပြီး ဖြစ်ပါလိမ့်မည်။

အဆိုပါ မိဘဝတ္တရားနှင့် သဘောထားများကို နားထောင်ပြီးသော်လည်း ပြန်လည်ဆန့်ကျင်သည့်နည်းလမ်းကိုသာ ရွေးချယ်သည့်ကလေးငယ်ကို ကျွန်ုပ်တို့တစ်နည်းနည်းဖြင့် ဖြေရှင်းဆောင်ရွက်ကြရပါမည်။

## အပြုအမူနှင့် ဆန္ဒရှိသော/ဆန္ဒမရှိသော အကျိုးဆက်တို့ဆက်စပ်မှု

အထက်ပါအခန်းတွင် တင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း မိမိဘဝတွင် သာမန်အမှားများအနက် အမှားတစ်ခုမှာ မိခင်နှင့်ဖခင်တို့၏ နှုတ်ဖြင့်ဘက်ပြိုင်ခိုက်ရန်ဖြစ်မှုများသည် မိဘတို့အတွက် အားအင်ကုန်ခမ်းစေပြီး စနစ်ကျသောအကျိုးကျေးဇူးများလည်း မဖြစ်ထွန်းနိုင်ပေ။ ထိုအချက်ကို ထပ်ပြီးပြောပါရစေ။ ထိုသို့သော စိတ်လိုက်မာန်ပါဖြစ်မှုမျိုး မပြုမိပါစေနှင့်။ သင်၏ဆယ်ကျော်သက် ကလေးငယ်နှင့် ဘက်ပြိုင်၍ အငြင်းအခုန်မပြုပါနှင့်။ ကလေးငယ်အား အမြဲမခြိမ်းခြောက်ပါနှင့်။ လက်ညှိုးငေါက်ငေါက်ထိုး၍ မစွပ်စွဲပါနှင့်။ အရေးကြီးဆုံးကား အဆုံးမရှိတဖွဖွ မြည်တွန်တောက်တီးခြင်း မပြုပါနှင့်။ အရွယ်ရောက်သော လူငယ်များသည် ဖေဖေနှင့်မေမေတို့၏ တဖျစ်တောက်တောက်ပြောခြင်းကို မုန်းလေ့ရှိကြသည်။ ထိုသို့ပြောဖန်များလာလျှင် သူတို့က နားမကြားဟန်ဆောင်၍ ကာကွယ်လေ့ရှိကြပါသည်။ ထို့ကြောင့် မျိုးဆက်များအကြား/ မိဘနှင့်သားသမီးအကြား ဆက်သွယ်ရေးကို အမြန်ဆုံးအဆုံးသတ်ရန် နည်းလမ်းမှာ ထိုဆယ်ကျော်သက်၏ နောက်သို့အိမ်တစ်ပတ်လည် တကောက်ကောက်လိုက်ပြီး သဘောမကျ မကြိုက်နှစ်သက်မှုကို နားငြီးလောက်အောင် နာရီမြည်သံတစ်ခုပမာ ပုံမှန်ပြောပေးနေယုံပင် ဖြစ်ပါသည်။

ထိုသို့အလေးပေးရမမှုသော ဆယ်ကျောင်သက်တစ်ဦးကို သူ့မိဘများက နားငြီးလောက်အောင် တဖျစ်တောက်တောက်ပြောပုံနှင့်တူသော ၁၉၅၀ပြည့်ဝန်းကျင်က နာမည်ကြီး ရော့က်အင်ရိုးလ် (Rock and Roll) သီချင်းတစ်ပုဒ်ရှိခဲ့သည်။ သီချင်းခေါင်းစဉ်ကလည်း လိုက်ဖက်လှသည်မှာ "ပြန်မပြောနဲ့ ယာကက်တီယက်ခ် (Yakety Yak - Don't talk back) "ဟူသတည်း။ အဆိုပါ သီချင်းကို ကို့စ်တားစ် (Coasters) ကဦးစွာအသံသွင်းခဲ့ပါသည်။

– စက္ကူစုတ်တွေက အမှိုက်တွေသိမ်း
ကြမ်းတိုက်ပြီးမှ တာဝန်ငြိမ်း
မလုပ်ရင်လေ မုန့်ဖိုးငတ်
ကလည်းမကရဘူးမှတ်။
ပြန်မပြောနဲ့ ယာကက်တီယတ်ခ်။ ။

– အိပ်ခန်းရှင်းပြီး ဖုန်တွေခါ
အမှိုက်ပုံးကို စွန့်ပစ်ပါ။
မပြီးရင်သာ သောကြာ
ည မထွက်ရဘူးသားမှတ်
ပြန်မပြောနဲ့ ယာကက်တီယတ်ခ်။ ။

– ဦးထုပ်အင်္ကျီဝတ်ဆင်ကာ
ဒိုကီဆိုင်ကိုသွားလိုက်ပါ။
ခွေး ကြောင်မောင်းပါအခါမလတ်
ပြန်မပြောနဲ့ ယာကက်တီယတ်ခ်။ ။

– သူငယ်ချင်းတွေ ပြောလိုက်ပါ
ကားစီးချိန်မဟုတ်ပါ။
မျက်မှောင်ကြုတ်ကာ ပေကတ်ကတ်
ပြန်မပြောနဲ့ ယာကက်တီယတ်ခ်။
ယာကက်တီယတ်ခ် ယာကက်တီယတ်ခ်။ ။

အကယ်၍ ယကက်တီယတ်ခ်က ခိုင်းသည့်အတိုင်းမလုပ်လျှင် သန့်ရှင်းသပ်ရပ်မှု မရှိခြင်း၊ နာခံမှုမရှိခြင်း၊ ဗီဆန်ခြင်း၊ တာဝန်မကျေပွန်ခြင်းတို့အတွက် မည်သို့နည်းလမ်း မှန်ကန်စွာတုန့်ပြန်ကြမည်နည်း။ ထိုမေးခွန်းအတွက် ဘရိုင်ယန်အားသူ့ဖခင်က ပူးပေါင်းဆောင်ရွက်မှုမပြုလျှင် အကျိုးယုတ်သွားစေမည့် အရိပ်လက္ခဏာကို ညွှန်းဆိုသောစကားကိုပင် ပြန်၍ကောက်ကြရပါမည်။ ဆယ်ကျော်သက်တစ်ဦးအား ရိုက်နှက်အပြစ်ပေးခြင်းဖြင့် အကျိုးသက်ရောက်မှုမရှိလျှင် မိဘများအနေဖြင့် ပတ်ဝန်းကျင်အခြေအနေများကို ကျွမ်းကျင်စွာကိုင်တွယ်၍ လိုအပ်ပါကစည်းကမ်းသတ်မှတ်ရန် ကြိုးပမ်းနိုင်ပါသည်။ သူတို့တွင် မိသားစုကားသော့ရှိပြီး သား/သမီးကို ကားအသုံးပြုခွင့် ပေးနိုင်သည်။ (သို့မဟုတ် ယဉ်မောင်းဖြင့်သွားလာ အသုံးပြုခွင့်ပေးနိုင်သည်။) အခွင့်ထူးများပေးနိုင်သည်။ သို့မဟုတ်

ထိုအခွင့်ထူးများကို ဆိုင်းငံ့ထားနိုင်သည်။ ဥပမာအားဖြင့် ကမ်းခြေသို့သွားခွင့်ပေးခြင်း သို့မဟုတ် တောင်တက်ခွင့်ပြုခြင်း သို့မဟုတ် သူငယ်ချင်း၏အိမ်သို့ သွားရောက်ခွင့်ပြုခြင်း သို့မဟုတ် ပါတီပွဲတစ်ခုသို့သွားခွင့်ပြုခြင်း စသည်တို့ဖြစ်သည်။ အသုံးစရိတ်ကို ထိန်းချုပ်နိုင်သည်။ ခွဲဝေပေးနိုင်သည်။ ချေးငှားနိုင်သည်။ ပေးနိုင်သည်။ သို့မဟုတ် ပိတ်ပင်နိုင်သည်။ တယ်လီဖုန်းသုံးခွင့် သို့မဟုတ် တီဗီကြည့်ခွင့်ကို ခဏမျှပိတ်ထားနိုင်သည်။ စသည့်အခွင့်အရေးများကို အသုံးပြုနိုင်ပါသည်။

ယင်းတို့သည် ဩဇာသက်ရောက်နိုင်သော လှုံ့ဆော်အားများမဟုတ်ကြပါ။ တစ်ခါတစ်ရံ လတ်တလောအခြေအနေအတွက် လုံးဝထိန်းသိမ်းနိုင်စွမ်း မရှိကြပါ။ ကျွန်ုပ်တို့သည် အကျိုးသင့်အကြောင်းသင့်ရှင်းပြခြင်း ပူးပေါင်းဆောင်ရွက်မှုနှင့် မိသားစုအပေါ်သစ္စာစောင့်သိမှုတို့ကို ဆွေးနွေးခြင်းပြုလုပ်ပြီးသည့်နောက် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည်မှာအားနည်းချို့ယွင်းမှုရှိသော အပြစ်ပေးမှုနည်းလမ်းပင်ဖြစ်တော့သည်။ ကျွန်ုပ်တို့ကလေးများ၏ အပြုအမူများကို ဆန္ဒရှိသောအကျိုးဆက်များ ဆန္ဒမရှိသောအကျိုးဆက်များနှင့် ဆက်စပ်ပေးရုံသာရှိတော့သည်။ ထိုဆက်စပ်မှုသည် ကလေးငယ်များ၏ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်လာရေးအတွက် လုံလောက်သော ဩဇာသက်ရောက်မှုအဖြစ် မျှော်လင့်နိုင်ပေသည်။

ကျွန်ုပ်တစ်ခုစဉ်းစားနေသည်ကို ဝန်ခံရလျှင် အခြေအနေဆိုးသည်ထက်ဆိုးလာလျှင် ယခုခေတ်ကာလ၌ ခေါင်းမာသော ဒေါသကြီးသော ၁၆နှစ်အရွယ်ယောကျာ်းလေး သို့မဟုတ် မိန်းကလေးတစ်ဦးသည် မိဘများနှင့် ထိပ်တိုက်ရင်ဆိုင်မှုကို အောင်မြင်နိုင်ကြခြင်းကိုပင်ဖြစ်သည်။ ဥပဒေများကလည်း လူငယ်များ၏လွတ်လပ်ခွင့်ကို ပို၍အလေးပေးလာကြသည်။ သူသည် အိမ်မှထွက်ခွာ၍ အခြားနေရာများတွင် ပြန်မလာဘဲရှောင်လွှဲနေနိုင်သည်။ လူ့အဖွဲ့အစည်းက အရေးယူခြင်းမပြုမီအထိ သူသည်အရက်သောက်နိုင်သည်။ ဘိန်းရှူနိုင်သည်။ အခြားသော ဥပဒေများကိုလည်း ချိုးဖေါက်နိုင်ပေသည်။ သူ၏ မိန်းကလေးမိတ်ဆွေသည် သူမ၏မိဘများမသိဘဲ သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ပဋိသန္ဓေတားဆေးများ သုံးစွဲနိုင်သည်။ ဆေးသုံး၍မရလျှင် ဆေးခန်းတစ်ခုတွင် တိတ်တဆိတ်ကလေးဖျက်ချနိုင်သည်။ လွတ်လပ်လိုသောဆန္ဒ ပြင်းပြပြီးတိုက်ခိုက်လိုသော ဆန္ဒကြီးမားသည့် ဆယ်ကျော်သက်တစ်ဦးအတွက် လူကြီးများအတွက် သတ်မှတ်ထားသောအခွင့်အရေးအချို့ကိုသာ ငြင်းပယ်နိုင်ခွင့်ရှိတော့သည်။

ဘီလီသည်သူ၏ အနီးဆုံးသူငယ်ချင်း၏ အိမ်ပင်လျှင်မြင်းစီးသွားပါက ၈မိုင် ၁၀ခန့်ဝေးကွာလှသည့် လယ်တောဟောင်းကြီးတစ်ခုတွင်မွေးမြူကြီးပြင်းလာခဲ့ရသည့် အခြေအနေနှင့်မည်မျှကွာခြားလိုက်ပါသနည်း။ သူ၏ဘခင်မစ္စတာဘရောင်း (Mr. Brown) ကဖခင်တစ်ဦး၏ ကိုယ်ပိုင်အခွင့်အာဏာဖြင့် အုပ်ချုပ်ပြီးပြင်ပ၏ ဝင်ရောက်စွက်ဖက်မှုများ မရှိဘဲသူ၏ အံတုဖီဆန်လိုသော သားငယ်ကိုဆုံးမသွန်သင်နိုင်သည်။ လယ်ထွန်ရင်းဖြင့် သားအဖချင်းအဆင်ပြေသွားနိုင်သည်မှာ သံသယရှိစရာမလိုပေ။

သို့ရာတွင် ယနေ့ကာလ၌ လူပျိုပေါက် အပျိုပေါက်တိုင်း၏ မကျေနပ်မှုမီးပွားစ ကလေးများသည် မီးတောက်ကြီးတစ်ခုပမာ တငွေ့ငွေ့လောင်မြိုက်နေသည်။ ဆယ်ကျော်သက်တို့၏ ငွေကြေးများကို မဂ္ဂဇင်းများ၊ အသံသွင်းကုမ္ပဏီများ၊ ရေဒီယိုတယ်လုပ်မီးရှင်းနှင့် ဂီတဖျော်ဖြေပွဲများဖြင့် ဖျားယောင်းခြင်းသည် စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်လာသည်။ ထောင်ပေါင်းများစွာသော လူငယ်များသည် မြို့ကြီးများသို့ စုရုံးရောက်ရှိလာကြကာ အဆိုပါကုမ္ပဏီကြီးများ စဉ်းကျင်တွင်လမ်းသလားနေကြသည်။ သူတို့အတွက် အလေးထားစဉ်းစားစရာ ဖြစ်လာတော့သည်။ မကြာသေးမီက ကျွန်ုပ်၏အိမ်နီးပါးတွင် ကျင်းပသောပါတီတစ်ခု၌ လူငယ် ၂၅၀၀ခန့်ဝရုန်းသုန်းကားဖြစ်ကြသည်။ ဘီယာသောက်ပြီး ဖန်ခွက်များကိုရိုက်ခွဲကာ လမ်းတစ်လျှောက်စုန်ဆန်သောင်းကျန်းကြသည်။ ထိုဝရုန်းသုန်းကားဖြစ်မှုကို အဘယ်ကြောင့်မဖြိုခွဲနိုင်သနည်းဟု ရဲအရာရှိကြီးတစ်ဦးကို စစ်ဆေးသောအခါ ထိုရဲအရာရှိကြီးက ( ကျွန်ုပ်မှတ်မိသလောက် အတိအကျပြန်ပြောပါသည်။)

"ကျွန်တော်တို့ဘာလုပ်ကြမလဲ။ လူငယ် ၂၅၀၀ကိုထိန်းဖို့ ရဲတပ်ဖွဲ့ဝင် ၂၄ယောက်ပဲရှိတယ်။ ကျွန်တော်တို့ အဖမ်းအဆီးနည်းနည်းပါးပါးလုပ်တယ်။ ဒါပေမဲ့ လူငယ်တစ်ယောက်ဖမ်းရင် ဖမ်းတဲ့လူငယ်တစ်ယောက်ကို စခန်းပို့ဖို့အတွက် ရဲတပ်ဖွဲ့ဝင် ၂ယောက်လိုတယ်။ ဒီတော့ ဝရုန်းသုန်းကားဖြစ်နေတဲ့ လူငယ်အားလုံးကို ထိန်းသိမ်းဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ အရေးမယူခင်မှာ မှောင်ထဲမှာဖြစ်နေတဲ့ဖြစ်ရပ်တစ်ခုစီအတွက် တိကျတဲ့သက်သေလိုတယ်။ ပြီးတော့မှ တာဝန်ရှိတဲ့လူကိုဖမ်းရတယ်။ ကျန်တဲ့ပရိသတ်တွေက ရဲတပ်ဖွဲ့ဝင်တွေကို ရန်သူလိုသဘောထားလာတယ်။ ဖမ်းတဲ့ဆီးတဲ့ကိစ္စတွေမှာ ဝင်ပြီးတော့စွက်ဖက်လာတယ်။ တကယ်တော့ ဒီကိစ္စဟာ မဖြစ်နိုင်တဲ့တာဝန်ပေးမှုတစ်ခုပဲ" ဟုပြန်၍ဖြေပါသည်။

ရဲတပ်ဖွဲ့ဝင်များပင် ယနေ့ဆယ်ကျော်သက်များကို ထိန်းသိမ်းခြင်းမပြုနိုင်ပါက မိဘများအနေဖြင့် ပို၍ပင်ပျော့ပြောင်း နူးညံ့သောအနေအထားတွင် ရောက်ရှိနေပေသည်။ ၎င်းတို့၏ သားသမီးများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုဟူသော အတွင်းစိတ်၏ထိန်းချုပ်မှုမရှိလျှင် အခြေအနေသည် လျင်မြန်စွာပင်ဆိုးရွားလာ နိုင်ပေသည်။ သို့ရာတွင် ထိန်းချုပ်မှုဟူသော အသံ၏မူရင်းအစသည်အဘယ်မှာနည်း။ မျိုးဆက်များအကြား မိဘနှင့်သားသမီးအကြား လေးစားမှုတည်ဆောက်ရေးအတွက် ကလေးဘဝ၏အစောဆုံးကာလများသည်အလွန်အရေးကြီးကြောင်း ကျွန်ုပ်ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။ ဤစာအုပ်သည် စိတ်ခါတ်ခိုင်မာသော ကလေးများ၏ ဆက်စပ်ခြင်းကိုဖန်တီးပေးခြင်းဖြင့် အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံသောအရွယ်ရောက်သူများဖြစ်လာစေရေးအတွက် ကူညီအားဖြည့်ပေးရန် ရည်ရွယ်ပါသည်။ ဤအခြေခံမရှိဘဲ ကလေးငယ်၏သဘောထားတွင် မိဘအားအကြောက်တရားမရှိဘဲ အာဏာနှင့်ထိန်းချုပ်မှုတို့၏ ချိန်ခွင်လျှာသည် လူငယ်များဘက်သို့ လုံးဝအလေးသာသွားမည်မှာ သေချာပေသည်။

အခြားတစ်ဘက်တွင်လည်း ဖေါ်ပြပါအခြေခံကို မချခဲ့ရသေးလျှင်လည်း ဆယ်နှစ်ကျော်ကာလများတွင် ကျွန်ုပ်တို့တတ်နိုင်သမျှ အကောင်းဆုံးကြိုးစားဆောင်ရွက်ရပေမည်။ ဆောင်ရွက်ရမည့် မျှော်မှန်းချက်မှာ မူးယစ်ဆေးစွဲခြင်း ကျောင်းစာတွင်အောင်မြင်မှုမရှိခြင်း

အရက်စွဲခြင်းတို့ကဲ့သို့သော ဘဝတစ်သက်တာတွင် စွဲထင်စေမည့်အမှားများ ကျူးလွန်ခြင်းမှကင်းလွတ်သော လူကြီးများဖြစ်လာအောင် ကြိုတင်ကာကွယ်ပေးရေးပင် ဖြစ်ပါသည်။ ထိုသို့သော အမှားများမကျူးလွန်မိစေရန် မိခင်နှင့်ဖခင်တို့၏ အခြေခံကျသော တုန့်ပြန်မှုများ လိုအပ်ပါသည်။

ကျွန်ုပ်၏မိဘများသည်လည်း တစ်ခါကအဆိုပါ အခြေအနေမျိုးသို့ ကျရောက်ခဲပါသည်။ ကျွန်ုပ် ၁၆နှစ်သားတွင် မိဘများက သတိပေးထားသော လောင်းကစားနည်းအချို့ကို စတင်စကားခဲ့သည်။ မိဘများအား တော်လှန်ဖီဆန်သည့်အဆင့်မျိုး မရောက်သေးသော်လည်းထိုအခြေအနေရောက်ရန် တာစူနေပြီဖြစ်သည်။ ကျွန်ုပ်၏ဖခင်မှာ တရားသောဆရာတစ်ဦးဖြစ်သဖြင့် ထိုအချိန်က အခါမလပ်ခရီးထွက်နေရလေ့ရှိသည်။ ကျွန်ုပ်မိခင်က ကျွန်ုပ်၏ရုတ်တရက် ဖြစ်ပေါ်လာသော ဖီဆန်မှုကိုဖခင်အား ပြောပြသောအခါ ဖခင်ကဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် တုန့်ပြန်ခဲ့သည်။ သူသည် ၃နှစ်တာအတွက် တရားဟောရမည့် အစီအစဉ်ကို ဖျက်လိုက်ပြီးအိမ်တွင် ကျွန်ုပ်နှင့်အတူနေရမည့်လုပ်ငန်း ကလေးများကိုသာ လက်ခံခဲ့သည်။ ကျွန်ုပ်တို့၏ အိမ်ကြီးကိုရောင်းချဖြစ်လိုက်ပြီး ကျွန်ုပ်အားပတ်ဝန်းကျင်သစ် မိတ်ဆွေသစ်များနှင့် ထိတွေ့ပေးရန်အပြင် တောလိုက်ခြင်း ငါးဖမ်းခြင်းစသည့် အတွေ့အကြုံသစ်များကို ရရှိရေးအတွက် မိုင်၇၀၀ခန့်ဝေးသောတောင်ပိုင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ကျွန်ုပ်အတွက် ဤသို့နေရာပြောင်းရွှေ့ခဲ့ခြင်းကို မသိခဲ့သော်လည်း ယခုအခါတွင်မူ မိဘများ၏ရည်ရွယ်ချက်ကိုနားလည် သဘောပေါက်ခဲ့သည်။ ကျွန်ုပ်၏ကောင်ကျိုးအတွက် ၎င်းတို့၏နေအိမ်၊ အလုပ်အကိုင်၊ မိတ်ဆွေများနှင့် ပုဂ္ဂိုလ်ရေးဆန္ဒများကို အနစ်နာခံစွန့်လွှတ်ကာ ပြည့်ဝလုံလောက်စွာ စောင့်ရှောက်ခဲ့ခြင်းကိုလည်း နားလည်သဘောပေါက်ခဲ့ရပါသည်။ ဤကား ကျွန်ုပ်၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသောမဖြစ်မနေဆုံးဖြတ်ရမည်ဖြစ်သော အဆင့်တစ်ဆင့်တွင် ကျွန်ုပ်အပေါ်ထားရှိသည့်သူတို့၏ ချစ်ခြင်းမေတ္တာကိုပြဆိုနည်းတစ်ခုပင် ဖြစ်တော့သည်။

ဇာတ်လမ်းကား ဤနေရာတွင်မဆုံးသေးပါ။ ကျွန်ုပ်နှင့်စိမ်းနေသော ကျောင်းတွင်မိတ်ဆွေသစ်ဖွဲ့ရန် ခက်ခဲလှပါသည်။ တစ်ဦးတည်းအထီးကျန်ဆန်နေပြီး ကျွန်ုပ်၏ရောက်ရှိလာမှုကို အသိအမှတ်မပြုသော မြို့ကလေးတစ်မြို့အဖြစ် ခံစားလာရသည်။ ကျွန်ုပ်၏မိတ်ဆွေမဲ့မှုကို မိခင်ကြီးကနားလည်ခံစားမိပြီး သူလည်းကျွန်ုပ်နှင့်အတူ ထိခိုက်ကြေကွဲနေရပေသည်။ ဝန်းကျင်သစ်တွင် ၂ပတ်ခန့်မျှကြာအောင်နေခဲ့ပြီးနောက်တစ်နေ့တွင် မိခင်ကြီးက ကျွန်ုပ်၏လက်ကိုဆွဲယူကာ လက်ဖဝါးထဲသို့ စာရွက်ခေါက်တစ်ခုကို ကြိတ်ထည့်ပေးလိုက်သည်။ ကျွန်ုပ်၏ မျက်လုံးများကို စေ့စေ့ကြည့်ကာ "ဒါသားအတွက်ပဲ။ သိပ်တော့မများပါဘူး။ ဒါပေမဲ့ သားအတွက်သင့်တော်တာကိုသုံးပေါ့" ဟုပြောပါသည်။

ကျွန်ုပ်စာရွက်ခေါက်ကလေးကို ဖြည်ကြည့်လိုက်ရာ ကျွန်ုပ်၏လက်ဖဝါးပြင်တွင် ဒေါ်လာ၂၀တန်ငွေစက္ကူတစ်ရွက် ဖြစ်နေပါသည်။ ပြောင်းရွှေ့စရိတ်နှင့် ဖခင်ကြီးရရှိသောလစာငွေ အနည်းငယ်ကိုတွက်ကြည့်လျှင် ဤငွေသည် ကျွန်ုပ်၏မိဘများလက်ထဲတွင် ကျန်နိုင်ဖွယ်မရှိပေ။ သို့ရာတွင် မည်သည့်အခြေအနေတွင်ရောက်ပါစေ။ ထိုသို့ မှန်တိုင်းထန်နေသည့်ကာလများတွင်ပင် ကျွန်တော်သည်မိဘတို့၏ ထိပ်ဆုံးဦးစားပေးစာရင်းတွင်ပင် ရှိနေဆဲပါတကား။ ကျွန်ုပ်တို့အားလုံးသိကြသည့်အတိုင်း ငွေကြေးဖြင့်သူငယ်ချင်းမိတ်ဆွေဝယ်၍ မရပါ။ ဒေါ်လာ ၂၀ဖြင့်လည်း ကျွန်ုပ်၏ဘဝကို ထူးခြားစွာပြောင်းလဲနိုင်စွမ်းမရှိပါ။ မည်သို့ပင်ဖြစ်ပါစေ။ ကျွန်ုပ်၏မိခင်က "သားခံစားရသလို မေမေလည်းခံစားရပါတယ်။ အခုအခြေအနေဟာ တကယ့်ကိုခက်ခဲကျပ်တည်းနေမှန်း မေမေသိတယ်။ ဒါပေမဲ့ မေမေဟာ သားရဲ့သူငယ်ချင်းမိတ်ဆွေပဲ။ သားကို ကူညီချင်တာပေါ့" ဟူသောစကားမျိုးပြောသည့်နည်းကို အသုံးပြုခဲ့ပါသည်။ အခက်အခဲ အကျပ်အတည်းနှင့် ကြုံတွေ့ကြရသော ဆယ်ကျော်သက်လူငယ် လူရွယ်တိုင်းတွင် သူတို့အားဒုက္ခရောက်သည့်တိုင် ကူညီပံ့ပိုးသော ဆုတောင်းမေတ္တာပို့ပေးသော ပို၍ပို၍မနှစ်သက်ဖွယ် ဖြစ်လာသည့်တိုင် ခံစားနည်းလည်ပေးသော မိဘမျိုးများရှိကြသည်မှာ အလွန်ပင်ကံကောင်းလှပေသည်။

အကျဉ်းချုပ်အားဖြင့် မိဘများသည် လိုအပ်သည့်အခါတိုင်း ပြုပြင်သည့်လုပ်ငန်းကိုမဆုတ်မနစ်ဆောင်ရွက်ရန် လိုအပ်ကြောင်းသို့ရာတွင် တဖျစ်တောက်တောက် မြည်တွန်တောက်တီးခြင်း၊ ငြီးတွားခြင်း၊ ခြိမ်းခြောက်ဟိန်းဟောက်ငြခ်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ရမည်ဖြစ်ကြောင်းကို ထကြွလာအောင်လှုံ့ဆော်ခြင်းမပြုနိုင်ပါ။ ကားပတ်ကင်တွင် ကျောင်းသားများက သူတို့၏ကားကို အရှိန်ပြင်းပြင်းဖြင့်မောင်းနှင့်ကာ ဆူညံနေကြသဖြင့် ကာမီကျောင်းအုပ်ကြီးက မတ်တပ်ရပ်ကာအော်ဟစ်ကြိမ်းမောင်းနေသည့် မြင်ကွင်းမှာမည်မျှရုက်စရာကောင်းလိုက်ပါသနည်း။ အကယ်၍သာ ကျောင်းသားများသတိမမူလျှင် အရှိန်မလျှော့လျှင် ကားတာရာများစုတ်ပြတ်ပဲ့သွားစေမည့်အဟန့်အတားတစ်ခုကို ကားပတ်ကင်လမ်းတွင် ဖန်တီးထားရန် ယတိပြန်ဆုံးဖြတ်လိုက်ခြင်းဖြင့် ကားအရှိန်ပြင်းပြင်းမောင်းသည့် ပြဿနာကို သူဖြေရှင်းနိုင်မည်ဖြစ်ပေသည်။ ရုရှားတွင်လည်း မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရသော ကျောင်းသားများသည်နောက်ဆုံးမှ ကားထုတ်ရန်နေရသူများဖြစ်ကြသည်။ ထိုမူဝါဒသည် မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာမတက်သင့်ဘဲ တက်အောင်ဂယက်ရိုက်နေသည်ဟု ကျွန်ုပ်အားပြောပြပါသည်။ အထက်ပါနမူနာ ၂ခုတွင်အရွယ်ရောက်သူများအတွက် စည်းကမ်းသတ်မှတ်ရန်လိုအပ်သော အဓိကအယူအဆပါဝင်နေပါသည်။ ထို့ပြင် ချစ်ခြင်းမေတ္တာ၊ ဆင်ခြင်တုံတရား၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အလျှော့ပေးကျေအေးမှုတို့ဆက်စပ်နေမှုကိုလည်း ဖော်ပြပါသည်။

## အရွယ်ရောက်မှုအတွက်ကြိုတင်ပြင်ဆင်ခြင်း

ကျွန်ုပ်၏စာအုပ်ထဲတွင် ရေးသားပေးထားသော အကြံပြုစကားလုံးတစ်ခုကို ကျွန်ုပ်ထပ်မံပြောပြရန်လိုသည်ဟု ကျွန်ုပ်ယူဆမိပါသည်။ ယင်းစကားလုံးကား “ ” ဟူ၍ပင်ဖြစ်သည်။ ဤတွင် ကျွန်ုပ်အလေးပေးလိုသည်မှာ အရွယ်ရောက်မှုအတွက် ဆယ်ကျော်သက်အရွယ် မတိုင်မီကပင် ကြိုတင်ပြင်ဆင်ပေးမှု၏ အရေးကြီးပုံပင်ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် ဝီရိယလွန်နေသည်လား မပြောတတ်ပါ။ မိဘများဖြစ်သော ကျွန်ုပ်တို့အနေဖြင့် ဆယ်ကျော်သက်များသည် စိတ်ဓါတ်ကျလွန်းသကဲ့သို့ စိတ်ဓါတ်တင်းမာလွန်းတတ်ကြကြောင်း ကျွန်ုပ်တို့သိထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သားသမီးများအား ပျိုဖော်ဝင်အရွယ်တွင် စောင့်ဆိုင်းနေကြမည့်လူမှုရေး ဖိစီးမှုများနှင့် ခန္ဓာကိုယ်ဆိုင်ရာ ပြောင်းလဲမှုများကို ကြံကြံခံနိုင်အောင် ကူညီပေးရန် ပျက်ကွက်လေ့ရှိကြသည်။ ကျွန်ုပ်တို့၏ကလေးငယ်များကို ဘေးအန္တရာယ်များသော နယ်မြေတစ်ခုဆီသို့ သံသယကင်းစွာ ခုန်ပေါက်ပြေးလွှားဆော့ကစားခိုင်းလျှင် အချို့မုန့်တစ်ခြင်းဖြင့် လမ်းကြားထဲသို့ပျော်ရွှင်စွာ ကခုန်ဆင်းသွားသော ရက်ဒ်ရိုက်ဒင်း ဟွတ်ဒ် (Red Riding Hood) ပုံပြင်ထဲက ကလေးငယ်နှင့်တူနေပေလိမ့်မည်။ ထိုကလေးငယ်၏ မိဘများက ဝံပုလွေဆိုးကြီးရှိကြောင်းကို သူမအားသတိပေးခဲ့လျှင် သူမနောက်ဆုံးတွေ့ချိန်ကသူမ၏ အဖွားတွင်ဆံပင်ရှည်လျားပြီး အမြီးတစ်ချောင်းပေါက်နေသည်ကို သတိထားမိကောင်း သတိထားမိပေမည်။ (ထိုအဖွားကြီးသည် မည်သည့်ပုံပေါက်နေမည်နည်းဟု ကျွန်ုပ်မကြာခဏစဉ်းစား ကြည့်မိသည်။ သူမသည် သူမ၏မိသားစုထဲရှိ ဝံပုလွေနှင့်တူသောမိသားစုဝင် တစ်ယောက်နှင့်ရောထွေးသွားတာ ဖြစ်မည်ဟုလည်းတွေးမိသည်။) ရက်ဒ်ကလေးသည် ဝံပုလွေ၏ပါးစပ်ထဲသို့ ခုန်ဆင်းကာ ဝံပုလွေ၏အစွယ်များ မည်မျှကြီးမားသည်ကို စစ်ဆေးကြည့်စဉ်မှာပင် သစ်ခုတ်သမားတစ်ယောက်က စက္ကန့်ပိုင်းအတွင်း ကယ်တင်လိုက်သဖြင့် သေဘေးမှလွတ်ခဲ့ရသည်။ ပကတိတွင်မူ ထိုပုံပြင်သည် ပျော်ရွှင်ဖွယ်ဇာတ်သိမ်းဖြင့် အဆုံးသတ်လိမ့်မည် မဟုတ်ပါချေ။

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ကလေးများအား အရွယ်ရောက်သူ “ဝံပုလွေများ” ကသူတို့အား ဝါးမြိုရန်ခြိမ်းခြောက်ခြင်းမှ ရှောင်ကြဉ်နိုင်အောင် ကူညီပေးရန်ပင် ဖြစ်သင့်သည်။ အချို့ဆယ်ကျော်သက်အရွယ် ကလေးများအား နေအိမ်မှအနည်းဆုံးတစ်ညခန့် ကင်းကွာစေပြီး ဆယ်ကျော်သက်အရွယ်သို့ ချဉ်းကပ်နီးစပ်လာနေသည့် အတွေ့အကြုံများနှင့် အဖြစ်အပျက်များကို ဆွေးနွေးလေ့လာခိုင်းသည့် ရည်ရွယ်ချက်ဖြင့် သုတေသနလုပ်ငန်းများကို စမ်းသပ်လုပ်ဆောင်ကြည့်နိုင်ပါသည်။ ပျိုဖော်ဝင်အရွယ်နီးကပ်လာချိန်တွင် ထိုသို့စီစဉ်ဆောင်ရွက်ပေးသော ဆွေးနွေးပွဲများသည် အကျိုးရှိဆုံးဖြစ်ပါသည်။ ထိုဆွေးနွေးပွဲများတွင် အရွယ်ရောက်ခြင်း၏ အဓိကဖိစီးမှု ဖြစ်ပေါ်စေသည့် အကြောင်းများကိုဆွေးနွေးရန် သတိပြုစီစဉ်သင့်ပါသည်။

## မလျှော့မတင်း ထိန်းချုပ်ခြင်း

အရွယ်ရောက်ကာနီး ဆယ်ကျော်သက် (၁၆နှစ်မှ ၁၉နှစ်အထိ) အရွယ်ကလေးများ၏ မိဘများ အများဆုံးပြုလေ့ရှိသည့် အမှားမှာသူတို့လိုအပ်သော လွတ်လပ်ခွင့်နှင့် ရင့်ကျက်ခွင့်ကို အာမခံချက်ပေးရန် ငြင်းပယ်ခြင်းပင်ဖြစ်သည်။ ချစ်မြတ်နိုးတတ်သာ စောင့်ရှောက်အုပ်ထိန်းသူများအနေဖြင့် ကျွန်ုပ်တို့၏ရည်သန်မှုမှာ ကျွန်ုပ်တို့၏ကလေးများအား သူတို့၏လွတ်လပ်ခွင့်အတွက် ငါးရှဉ့်များလိုတွန့်လိမ်ရှောင်ထွက်သည်ကို ကျွန်ုပ်တို့ကချမှတ်ပေးနေကြပြီး ကျွန်ုပ်တို့၏ရင်ခွင်ထဲတွင် နွေးထွေးစွာပွေ့ပိုက်ကာ သူတို့၏ရှုံးနိမ့်မှု အလားအလာများကိုပင် ကြိုတင်ကာကွယ်ပေးကြသည်။ ဤသို့ထိန်းချုပ်ရာတွင် ကျွန်ုပ်တို့၏အရွယ်ရောက်သူ လူငယ်များကို ဆုတ်ယုတ်ပျက်စီးစေသောပုံစံ ၂မျိုးအနက် တစ်မျိုးထဲသို့ တွန်းပို့လေ့ရှိကြသည်။ ကျွန်ုပ်တို့၏ လွန်ကဲသောအကာအကွယ်ပေးမှုကို မတုန်မလှုပ်ကျောက်ရုပ်ကဲ့သို့ငြိမ်သက်စွာ ခံယူပြီးမှီခိုသော ကလေးများအဖြစ် လူကြီးဘဝကိုဝင်ရောက်စေရန် သို့မဟုတ်ပါက ကျွန်ုပ်တို့၏ဖိနှိပ်မှုနှင့်ဝင်ရောက်စွက်ဖက်မှုကို တော်လှန်ရန်၊ အမျက်ဒေါသချောင်းချောင်းထွက်စေရန် တွန်းပို့ခြင်းသာဖြစ်သည်။ ထိုပုံစံနှစ်မျိုးစလုံးကိုပင် သူတို့အံဝင်ခွင်ကျဖြစ်လာကြမည် မဟုတ်ပေ။ အခြားတစ်ဘက်တွင်လည်း သူတို့သည် လွတ်လပ်စွာတွေးခေါ်မြော်မြင်မှု မရှိသည့်စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ ဖြစ်လာကြသည်။ သို့မဟုတ်ပါကလည်း သူတို့လိုအပ်နေသော မိသားစုများနှင့် သံယောဇဉ်ဖွဲ့နှောင်ကာ ဒေါသကြီးတတ်သော ပြစ်မှုကျူးလွန်သူ လူကြီးများဖြစ်လာတတ်ကြပေသည်။ စင်စစ်သူတို့၏ အရွယ်ရောက်သော သားသမီးများအတွက်သာမက သူတို့ကိုယ်တိုင်အတွက်ပါ အန္တရာယ်ကိုဖိတ်ခေါ်နေခြင်း ဖြစ်ပေသည်။

သူတို့မွေးမြူစောင့်ရှောက်ထားသော ကလေးငယ်သည် အထုပ်အပိုးပြင်၍ ဘယ်တော့မှပြန်မလာတော့ဘဲ အိမ်မှအပြီးအပိုင်ထွက်ခွာမည့်နေ့သည် လျင်မြန်စွာချဉ်းကပ်လာနေကြောင်းကို မိဘများအမြော်အမြင်ကြီးစွာ သတိထားရပေလိမ့်မည်။ သူသည် ပြင်ပလောကကိုရင်ဆိုင်ရန် အိမ်တံခါးဝမှဖြတ်လျှောက်သွားသည်နှင့် မိဘ၏အခွင့်အာဏာနှင့် ကြီးကြပ်မှုအတွက်တာဝန်ရှိတော့မည်မဟုတ်ပေ။ သူရွေးချယ်သည့်အရာကို သူလုပ်နိုင်ပေတော့မည်။ အချိန်မှန်စားရန်၊ အချိန်မှန်အိပ်ရန် တိုက်တွန်းနှိုးဆော်မည့်သူ မလိုတော့သကဲ့သို့အလုပ်ရှိဖွေရန် တာဝန်ကျေပွန်စွာနေထိုင်ရန် ဘုရားသခင်အား အလုပ်အကျွေးပြုရန် အလေးထားသတိပေးမည့်သူလည်း မရှိတော့ပေ။ သူ့ဘဝလမ်းကြောင်းတွင် နစ်မြုပ်သွားချင်သွားမည် သို့မဟုတ် ကူးခတ်ချင်လည်း ကူးခတ်နေရပေမည်။ ကြိုတင်ပြင်ဆင်ထားခြင်း မခံရသည့်အချို့သော အရွယ်ရောက်သူများအတွက် ထိုသို့သောရုတ်ချည်းလွတ်လပ်ခွင့် ရခြင်းသည်ကြီးမားသော ပျက်စီးဆုံးရှုံးမှုကိုတွေ့ကြုံ

ရပေလိမ့်မည်။ သို့ရာတွင် လွတ်လပ်မှုရကာစ ရောက်ခါခါကာလများတွင် စိတ်ရှိင်းဝင်မသွားအောင် သားသမီးတစ်ဦးချင်းစီအား မိဘများကမည်သို့ လေ့ကျင့်ပေးနိုင်မည်နည်း။ လွတ်လပ်ကာစ အခိုက်အတန့်အတွက် မည်သို့အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မည်နည်း။

ကလေးတစ်ဦးအား အဆုံးစွန်လွတ်လပ်ခွင့်ပေးရေးအတွက် စတင်ကြိုတင်ပြင်ဆင်ရမည့် အကောင်းဆုံးအချိန်ကား ကလေးဘဝကာလအတွင်း ဖြစ်ပါသည်။ သို့သော် မိဘတိုင်း၏ ပင်ကိုယ်ရည်မှန်းချက်ကား ဤသဘောနှင့်ဆန့်ကျင်ဘက်ပင် ဖြစ်သည်။

သင့်တော်သော လွတ်လပ်ခွင့်ပေးသည့်ဖြစ်စဉ်ကို ကျောင်းနေစကာလ တစ်လျှောက်လုံးပင်ဆက်လက် ဆောင်ရွက်ရမည်။ အိမ်မှာနေလျှင် ပို၍ဘေးအန္တရာယ်ကင်းသည်မှာ မှန်သော်လည်း နွေရာသီစခန်းချထွက်ခြင်းမျိုးကို ခွင့်ပြုပေးသင့်သည်။ အလားတူစွာပင် မိန်းကလေးများနှင့် ယောကျ်ားလေးများအား ၎င်းတို့၏ သူငယ်ချင်းများက ဖိတ်ခေါ်လာလျှင် သူငယ်ချင်းများအိမ်၌ ညအိပ်နေခွင့်ပြုပေးနိုင်သည်။ ကလေးများသည် ၎င်းတို့၏အိပ်ရာကို ကိုယ်တိုင်ပြင်ဆင်သင့်သည်။ ကိုယ်ပိုင်မွေးမြူထားသော တိရစ္ဆာန်ကလေးများကို ကိုယ်တိုင်ပြုစု စောင့်ရှောက်ရမည်။ ကျောင်းစာများကို ကိုယ်တိုင်လုပ်ရမည်။ မိဘများ၏ ရည်ရွယ်ချက်သည် ကလေးများအား တစ်နှစ်ထက်တစ်နှစ် လွတ်လပ်ခွင့်နှင့် တာဝန်ဝတ္တရားများကို တိုးမြှင့်ပေးရမည်။ သို့မှသာ လူကြီးများ၏ ထိန်းချုပ်မှုမလိုအပ်တော့သောအခါ သူတို့ဘာသာ လုပ်ကိုင်ဆောင်ရွက်တတ်မည် ဖြစ်သည်။

ထိုသို့မှန်ကန်စွာ ဆောင်ရွက်သွားပါက ကျောင်းနေသောအနည်းငယ်ကြီးသည့် တပည့်များပင်လျှင် အိမ်မှာနေရဆဲရှိလင့်ကစား လွတ်လပ်ခွင့်ပေးသင့်ပေသည်။ ထိုအဖြစ်မျိုးကို ကျွန်ုပ်မိဘများနှင့် အတူနေရသောနောက်ဆုံးတစ်နှစ်တွင် တွေ့ကြုံခဲ့ရပေသည်။ ကျွန်ုပ်၏အသက် ၁၇နှစ်ရှိသောအခါ မိဘများက ကျွန်ုပ်အားအိမ်တွင်တစ်ဦးတည်းထားခဲ့ကာ နှစ်ပတ်ခန့်ခရီးထွက်သွားခြင်းဖြင့် ကျွန်ုပ်၏လွတ်လပ်ခွင့်ကို စမ်းသပ်ခဲ့သည်။ မိသားစုသုံးနေသော ကားကိုလည်းသုံးခွင့်ပြုခဲ့သည်။ သူတို့ခရီးထွက်နေစဉ် ၁၄ညစလုံး ကျွန်ုပ်၏(မိန်းကလေး) သူငယ်ချင်းများကို အိမ်တွင်ခေါ်၍ ညအိပ်ခွင့်ပေးခဲ့သည်။ သူတို့၏ ယခုကဲ့သို့ စွန့်စားပြီးထွက်ခွာသွားခြင်းကို ကျွန်ုပ်အံ့အားသင့်ခဲ့မိသည်။ ကျွန်ုပ်အနေဖြင့် ပါတီပွဲများ ၁၄ညတိုင်တိုင်ကျင်းပခဲ့၍ ဆောင်ကျဉ်းနိုင်သည်။ ကားကိုလည်းပျက်စီးအောင်လုပ်နိုင်သကဲ့သို့ အိမ်ကိုလည်းရစရာမရှိအောင် ဖျက်ဆီးနိုင်ပေသည်။ ထိုကဲ့သို့သော အခွင့်အလမ်းကို ကျွန်ုပ်အားအမြော်အမြင်ကြီးစွာ ပေးခဲ့ကြောင်းသဘောပေါက်ခဲ့ အံ့သြခဲ့ရပါသည်။ သို့သော် ကျွန်ုပ်တာဝန်သိစွာ ပြုမူစောင့်ထိန်းခဲ့ပါသည်။ (လူငယ်ဘဝ ကြမ်းတမ်းစွာကစားမှုကြောင့် အိမ်တွင်အနည်းငယ် ကျိုးပဲ့ပျက်ဆီးရုံသာရှိပါသည်။)

ကျွန်ုပ်အရွယ်ရောက်လာ၍ လက်ထပ်ပြီးနောက် အဘယ်ကြောင့်ဤသို့ စွန့်စားရပါသနည်း။ အဘယ်ကြောင့် ကျွန်ုပ်အားလူကြီးမိဘ၏ကြီးကြပ်မှု မရှိဘဲအိမ်တွင် တစ်ဦးတည်းနှစ်ပတ်လုံးလုံး ပြစ်ထားရပါသနည်းဟု မိခင်ကြီးကိုမေးကြည့်ခဲ့မိသည်။ မိခင်ကြီးက "ဘာဖြစ်လို့လဲဆိုတော့ သားကကောလိပ်ကို တစ်နှစ်လောက်သွားတက်ရမှာကို မေမေသိတယ်။ အဲဒီမှာက ဘယ်သူကမှသားကို ဟိုလိုလုပ်ပါ။ သည်လိုနေပါလို့ ပြောမှာမဟုတ်တော့ သားလုံးဝလွတ်လပ်သွားလိမ့်မယ်လေ။ ဒီတော့ မေမေ့မျက်စေ့အောက်မှာ ရှိနေတုန်းမှာပဲ အဲဒီလွတ်လပ်မှုမျိုးကို သားသိစေချင်လို့ ဒီလိုပစ်ထားခဲ့တာပေ့ါ" ဟုပြုံးပြုံးကြီးပြန်ဖြေပါသည်။ မေမေ၏ မြော်မြင်နိုင်စွမ်းကား ထူးခြားလှပါပေသည်။ အကာအကွယ်ပေးခံရလွန်းသော လူငယ်အမျိုးသား သို့မဟုတ် အမျိုးသမီးတို့ ဝန်လေးလှသော အခွင့်အာဏာအောက်မှ လွတ်လပ်သွားသည့် အခိုက်အတန့်တွင် မိုက်မဲစွာပြုမူတတ်ကြသည်။ အဆုံးစွန်လွတ်လပ်မှုမျိုးအတွက် မိခင်ကြီးက ကျွန်ုပ်အားကြိုတင်ပြင်ဆင်ပေးခြင်းပင် ဖြစ်ပါသည်။

မိဘများဖြစ်ကြသော ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ ယောကျ်ားကလေးနှင့် မိန်းကလေးများက ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်မှ အကျိုးဖြစ်ထွန်းသည့် မည်သည့်ကိစ္စမျိုးကိုမဆို မိဘများကလုပ်ဆောင်မပေးရန်ပင်ဖြစ်သည်။ ထိုအမှုကိုလက်တွေ့ ဆောင်ရွက်ရန်မှာ ခက်ခဲကြောင်း ကျွန်ုပ်ဝန်ခံပါသည်။ ကျွန်ုပ်တို့၏ သားသမီးများအပေါ်ထားရှိသည့် နက်နဲသောချစ်ခြင်းမေတ္တာက ကျွန်ုပ်တို့သားသမီးများအတွက် လိုအပ်ချက်များကို အန္တရာယ်ဖြစ်စေတတ်ပေသည်။ ဘဝသည် ငယ်ရွယ်နုနယ်သူများအတွက် ဒုက္ခနှင့်သောကများကို သယ်ဆောင်လာလေ့ရှိသည်။ သူတို့ထိခိုက်လျှင် ကျွန်ုပ်တို့ခံစားကြရသည်။ အခြားသူများက သူတို့ကိုဟားတိုက်လှောင်ပြောင် ရယ်မောသောအခါ သူတို့အားငြင်းပယ်ခံရ၍ အထီးကျန်ဆန်နေသောအခါ အရေးကြီးသောကိစ္စတစ်ခုကို သူတို့မအောင်မြင်သောအခါ ညသန်းကောင်ချိန်တခါင် သူတို့ငိုကြွေးကြသောအခါ ရုပ်ဝန်းကျင်အန္တရာယ်များက သူတို့၏အသက်ရှင်တည်ရှိမှုကို ခြိမ်းခြောက်လာသောအခါ သူတို့အား နံဘေးမှအရိပ်သဖွယ် စောင့်ကြည့်နေကြသော ကျွန်ုပ်တို့အတွက် သည်းမခံနိုင်သော အခြေအနေများဖြစ်လာကြသည်။ သူတို့အားလောကခံ၏ ထိုးနှက်ချက်များကို ဒိုင်းသဖွယ်အကာအကွယ်ပေးကြသည်။ သူတို့အား ကျွန်ုပ်တို့၏လုံခြုံသော ရင်ခွင်တွင်ပွေ့ဖက်ကာနွေးထွေးမှုပေးလိုကြသည်။ သို့သော် သူတို့ကိုယ်တိုင် ရုန်းကန်လှုပ်ရှားရန် လက်လွှတ်ထားလိုက်ရသောအခါများလည်း ရှိပါသေးသည်။ ကျောင်းသားများသည် အခက်အခဲမရှိဘဲနှင့် လေ့လာသင်ယူခြင်း မပြုနိုင်ကြပါ။ အရွယ်ရောက်သူတစ်ဦးသည် ကျွန်ုပ်တို့၏ကာကွယ်ထိန်းသိမ်းမှုမှ လက်မလွှတ်မချင်း လူငယ်ဘဝသို့ဝင်ရောက်နိုင်ခြင်း မရှိပါ။ သို့ရာတွင် ကျွန်ုပ်ဖော်ပြခဲ့သည့်အတိုင်း အနောက်တိုင်းလောကမှ မိဘများအနေဖြင့် ၎င်းတို့၏သားသမီးများအား နေ့စဉ်ရှင်သန်မှုအတွက် ပုံမှန်ကြုံတွေ့ရသော အခက်အခဲများကို သူတို့သားသမီးများအား ရင်ဆိုင်ကျော်လွှားခွင့်ပေးရန် ခဲယဉ်းနေတတ်ကြပါသည်။

ကလေးဘဝ၏ နောက်ဆုံးကာလအတွင်း မိဘအဖြစ်အားထုတ်ကြိုးပမ်းမှုများကို လမ်းညွှန်မှုပြုနိုင်သော စကားစုကလေးကို လက်ဆင့်ကမ်းပါရစေ။ ပထမစကားစုမှာ "ဖြန့်ထားသောလက်ဖြင့် ထိန်းထားပါ" ဟူ၍ဖြစ်ပါသည်။ ဆိုလိုသည်မှာ လူကြီးဘဝအစောပိုင်းကာလအတွင်း အကျိုးရလဒ်များကို ကျွန်ုပ်တို့အလေးထားနေဆဲ ဖြစ်သော်လည်း ကျွန်ုပ်တို့၏ကလေးငယ်များကို တင်းကျပ်စွာဆုပ်

ကိုင်မထားပါနှင့်။ ကျွန်ုပ်တို့၏ ဆုပ်ကိုင်မှုသည် မလျော့မတင်းဖြစ်ရပါမည်။ သူတို့တွင်ဆုတောင်းမေတ္တာပို့ပေးရမည်။ ချစ်ခြင်းမေတ္တာထားရမည်။ လိုအပ်၍တောင်းခံလာပါက အကြံဉာဏ်များပေးရပါမည်။ သို့ရာတွင် ဆုံးဖြတ်ချက်ချမှတ်မှု တာဝန်ကိုမူ နောင်လာနောက်သားများကိုယ်တိုင် ချမှတ်ရမည်ဖြစ်ပြီး သူတို့ရွေးချယ်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်များကိုလည်း သူတို့ကိုယ်တိုင်ပင် ခံစားစေရပါမည်။

အလားတူ အဓိပ္ပါယ်ဆောင်သော အခြားစကားစုတစ်ခုမှာ "ထိပ်ကပ်စွာပွေ့ဖက်ထားပါ။ လွတ်လပ်ခွင့်ပေးပါ" ဟူ၍ဖြစ်ပါသည်။ ဤစကားစုမှာ ကျွန်ုပ်ရေးသားသော ဤစာအုပ်၏ရည်ရွယ်ချက်ကို ထင်ဟပ်စေပါသည်။ မိဘများသည် ၎င်းတို့၏သားသမီးများဘဝတွင် ချစ်ခြင်းမေတ္တာဖြည့်ဆည်းခြင်းနှင့် အခွင့်အာဏာဖြင့် ထိန်းချုပ်ခြင်းတို့ဖြင့် နက်နဲစွာပတ်သက်နေကြရမည်။ သို့သော်ထိုက လေးငယ်များ ဆယ်ကျော်သက်နောက်ဆုံးကာလနှင့် နှစ်ဆယ်အရွယ်၏ အစောပိုင်းကာလကိုရောက်ရှိလျှင်မူ ပြင်ပလောကအတွက်ပိတ်လှောင်ထားသော လှောင်အိမ်တံခါးကို လွတ်လပ်စွာဖွင့်ပေးလိုက်ရပါမည်။ ဤအချိန်သည်ကား မိဘဘဝ၏ ထိတ်လန့်ဖွယ်အကောင်းဆုံး အခါသမယပေတည်း။

ဂျီးဆက်ဆုံးမသော အသုံးအဖြုန်းကြီးသည့် သားတစ်ဦးအကြောင်းမှ သင်ခန်းစာတစ်ခုကို ရယူနိုင်ပါသည်။ သူ့တွင် ငွေကြေးပြတ်လတ်သွားသောအခါ ဆာလောင်မွတ်သိပ်လှသောကြောင့် ဝက်စာပင်လျှင် သူ့အတွက်စား၍ မြိန်မည့်ပုံပေါ်နေသည်။ သို့သော်မည်သူမျှသူ့ကို မပေးကြပါ။ လူမှုဖူလုံရေးကြေး သို့မဟုတ် သူ့ဘဝကိုအထောက်အပံ့ပြုမည့် အလုပ်လက်မဲ့ထောက်ပံ့ကြေးလည်း မရှိပါ။ သို့ဖြင့် သူသည်တဖြည်းဖြည်း ငတ်ပြတ်လာတော့သည်။ ဤအခြေအနေသည်ကား သူ့အတွက်လုံးဝ အသိတရားရချိန်ဖြစ်တော့သည်။ လက်လွတ်ဆုံးရှုံးခြင်းသည် ကျွန်ုပ်တို့အား အခြေခံသို့ပြန်လည်ပို့ဆောင်သည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်။ အသုံးအဖြုန်းကြီးသောသားအတွက်မူ ဖခင်ထံပြန်ရုံသာရှိတော့သည်။ ကျွန်ုပ်တို့ မိဘများအနေဖြင့် ဘုရားသခင်၏ အမှတ်သားသဖွယ်ဖြစ်သော ဤပုံပြင်ထဲမှ ချစ်တတ်သည့်ဘခင်တစ်ဦး၏ နမူနာကိုယူရပေလိမ့်မည်။ ပထမတွင် သူသည်သားအား နှောင်ကြိုးမဲ့လွတ်လပ်ခွင့် ပေးလိုက်သည်။ ဒုတိယအနေဖြင့် သူသည်သူ့သား၏ ကြွေးမြည်မှန်သမျှကို အမှုထမ်းတစ်ဦးအား စေလွှတ်၍ရှင်းလင်း ခိုင်းနိုင်သော ချမ်းသာကြွယ်ဝသည့်လယ်သမားတစ်ဦးပင် ဖြစ်သော်လည်း သူ့သား၏မိုက်မဲမှုအတွက် ဖြစ်ပေါ်လာသော နောက်ဆက်တွဲအကျိုးဆက်များကို သူ့သားကိုယ်တိုင်ခံစားခွင့်ပေးခဲ့သည်။ တတိယအချက်တွင်မူ နောင်တရခဲ့သောသားအား အပြစ်တင်စကား စွပ်စွဲစကားတစ်လုံးမျှမပြောဘဲ "သားပျောက်သွားတာ ခုတော့ပြန်တွေ့ပြီ" ဟုဝမ်းသားအားရပြော၍ နွေးထွေးစွာလက်ခံ ကြိုးဆိုခြင်းဖြင့် သူ၏တုနှိုင်းမရသော ချစ်ခြင်းမေတ္တာကို ထုတ်ဖော်ပြသခဲ့ပေသည်။

နိဂုံးချုပ်အားဖြင့် အရွယ်ရောက်မှုသည် မျိုးဆက်တစ်ခုအတွက် ဘဝ၏လွယ်ကူသော ကာလမဟုတ်ကြောင်းကို ပြောပြပါရစေ။ စင်စစ်အားဖြင့် ထိုအရွယ်တွင်ဦးစိုက်၍ ဖောက်ထိုးမိုးမျှော် ကျနိုင်ကောင်းပေသည်။ သို့ရာတွင် ဤသို့သော စိတ်ပိုင်းဆိုင်ရာ အတွေ့အကြုံမှ ကျော်လွှားလွန်မြောက်ရေး အဓိကသော့ချက်မှာ ခိုင်မာသောအုတ်မြစ်ကို ချမှတ်ပြီးသတ္တိရှိစွာ ရင်ဆိုင်ဖြေရှင်းခြင်းပင် ဖြစ်ပါသည်။ ဆယ်ကျော်သက်နှစ်များ၏ မထင်ရှားသော ဖီဆန်မှုများဖြစ်ပေါ်ခြင်းသည်ပင် ကြွခိုင်မှု၏လက္ခဏာ တစ်ရပ်ဖြစ်နိုင်ပေသည်။ ဤသို့သော ဖီဆန်မှုပြဿနာကပင် မှီခိုသောကလေးငယ်တစ်ဦးဘဝမှ ရင့်ကျက်သောအရွယ်ရောက်သူတစ်ဦး ဘဝသို့ပြောင်းလဲနိုင်ပေသည်။ ထိုပြဿနာမျိုးမရှိလျှင် အရွယ်ရောက်သူဘဝသို့ ကြွခိုင်မှုမရှိဘဲ ပျော့ညံ့စွာရောက်ရှိပေလိမ့်မည်။ မျိုးဆက်များအကြားဖြစ်ပေါ်သောတင်းမာမှုသည် လူသားဖွံ့ဖြိုးတိုးတက်မှု၏ ထူးခြားသောစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ် မဟုတ်လျှင် ချစ်ခြင်းမေတ္တာနှင့် အခွင့်အာဏာကို ချိန်ခွင်လျှာမျှအောင် ထိန်းသိမ်းထားသော နေအိမ်မျိုးတွင်သော်မှ ထိုသို့သော တင်းမာမှုမျိုးလူသိရှင်ကြား ပေါ်ထွက်လာလိမ့်မည်မဟုတ်ပါချေ။ ။

– သားအကြောင်းကို ပြောပြချင်ပါသည်။
ဆိုးသွမ်းသောကလေးတစ်ဦးဖြစ်၍
ကျောင်းတွင် သူယနေ့အရိုက်ခံရပါသည်။
– တစ်ခါတစ်ရံ သူအဘယ်ကြောင့်
မိုက်မဲစွာ ပြုမူရခြင်း၏ လျှို့ဝှက်ချက်ကို
သိမြင်အောင်သင်ပြပေးရန်
ဘုရားသခင်ထံ ပန်ကြားခဲ့ပါသည်။
– သူ့အတွေးက တမူထူးခြားလှသည်။
သူ့အား ရန်ကြိုးစားသော်လည်း
အခွင့်မသာခဲ့ပါ။
သူကားတွေဝေနေပုံရပါသည်။
– ဤအရွယ်တွင် ကျွန်ုပ်မရှိဘဲ
သူ့ဆံပင် သူမဖြီးသင့်ပါသလော
ကိုယ်တိုင်မျက်နှာသစ် သွားမတိုက်သင့်ပါသလော။

– သို့သော်လည်း အဘဘုရားသခင်
အားလုံးကိုပင် သူသင်ယူချင်ပါသည်။
နေ့စဉ်ဘဝများကို သူခံစားတတ်ပါသည်။
ထိုဘဝများကလည်း သူ့အပေါ်ကို ငံ့လင့်နေကြပါသည်။

– လျှို့ဝှက်ဆန်းကြယ်မှုများကို
တစ်ခုပြီးတစ်ခု သူရှာဖွေနေပါသည်။
လျှို့ဝှက်မှုတိုင်းကို ပီတိဖြစ်နေပါသည်။
သူသည် ဣစ္ဆာသယ မှော်သေတ္တာကိုပင်
ဖွင့်တော့လေမည်လား။

– ဘုရားသခင်စကားအရ သူ့နှလုံးသားကို
လေ့ကျင့်ပေးလျှင် သူသွားရမည့်လမ်းကို သင်ကြားပေးလျှင်
သူထွက်ခွာမည်မဟုတ်ကြောင်း အခိုင်အမာသိပါသည်။

– သူကြားဖူးသမျှ စမ်းသပ်ရန်
တစ်နေ့ပြီးတစ်နေ့ ခရီးဆန့်ရေးအတွက်
ကျွန်ုပ်တို့က လိုသမျှကို
တင်ကြိုပြင်ဆင်ပေးရပါတော့မည်။

– ဟော ၅နာရီထိုးလို့ သူပြန်လာသံကြားပါပြီ။
ကျွန်မကို ရွှန်းရွှန်းဝေအောင်ပြောသည်မှာ
“မေမေ မှန်းကြည့်စမ်းပါ။ ဘာလဲသိလား။
သားတို့တစ်တန်းလုံး လုံခြုံသွားပြီ။
သူတို့ကို ဘုရားသခင်ထံ လမ်းပြလိုက်ပါပြီ” တဲ့။ ။